# ခန္ဓာကိုယ်ရှိ အမွေးအမှင်များ

## နှင့်စပ်လျဉ်း၍

# ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များ

- မုတ်ဆိတ်နှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ
- နှုတ်ခမ်းမွှေးနှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ
- ဆံပင်နှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ
- ခန္ဓာကိုယ်ရှိအမွှေးအမှင်များနှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ
- အမျိုးသမီးများ၏ဆံပင်နှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ
- ဆေးဆိုးခြင်းနှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ


**ရေးသားသူ**

ဟာဇရသ် မော်လာနာ မုဖ်သီ
အဲပ်ဟ်စာနုလ္လာဟ်ရှာအိက် ဆွာဟိဗ်
မုဖ်သီ– ဂျာမေအသုရ်ရရှီးဒ်
အဟ်စန်အာဗာဒ်၊ ပါကစ္စတာန်။



**ပြန်ဆိုသူ**

မုဖ်သီ မုဟမ္မဒ် အိဒ်ရီးစ် (မဇ္ဇာဟေရီ)
ကျောင်းအုပ်ဆရာကြီး
ဂျာမေအဟ်အရဗီယဟ်အစ္စလာမီယဟ်
ဇွေယာအုလ်ကုရ်အာန်
၁၃၈ လမ်း၊ မအူကုန်း၊ ရန်ကုန်မြို့။

# ခန္ဓာကိုယ်ရှိ အမွှေးအမှင်များ

## နှင့်စပ်လျဉ်း၍

## ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များ

ရေးသားသူ

ဟဇရသ် မော်လာနာ မုဖ်သီ အဲဟ်စာနုလ္လာဟ်ရှာအိက် ဆွာဟိဗ်
မုဖ်သီ- ဂျာမေအသုရ်ရှရီးဒ် အဟ်စန်အာဗားဒ်၊ ပါကစ္စတာန်။

ပြန်ဆိုသူ

မုဖ်သီ မုဟမ္မဒ် အိဒ်ရီးစ် (မဇ္ဇာဟေရီ)
ကျောင်းအုပ်ဆရာကြီး
ဂျာမေအဟ်အရဗီယဟ်အစ္စလာမီယဟ်ဖွေယာအုလ်ကုရ်အာန်
၁၃၈ လမ်း၊ မအူကုန်း၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြန်ဆိုသူ၏အမှာစာ | |
| ၂ | မှတ်ဆိတ်ရိတ်ခြင်း (သို့) ညှပ်ခြင်းဆိုင်ရာပညတ်ချက်များ | ၁ |
| ၃ | လက်တစ်ဆုပ်ထက်ပိုသောမှတ်ဆိတ်များကို ညှပ်ပစ်ခြင်း | ၃ |
| ၄ | မှတ်ဆိတ်သည် မျက်နှာ၏သုံးဘက်စလုံးမှ လက်တစ်ဆုပ်ရှိရခြင်း | ၄ |
| ၅ | မျက်နှာပေါ်ရှိ မှတ်ဆိတ်၏နေရာ | ၄ |
| ၆ | ပါးပြင်ရှိ အမွေးအမှင်များ၏အမိန့် | ၅ |
| ၇ | လည်ပင်းရှိ အမွေးအမှင်များ၏အမိန့် | ၅ |
| ၈ | နှုတ်ခမ်းအောက်ရှိ အမွေးအမှင်များ၏အမိန့် | ၆ |
| ၉ | ဖြူသွားသောအမွေးအမှင်များကို နှုတ်ခြင်း၏အမိန့် | ၆ |
| ၁၀ | ဖြတ်တောက်လိုက်သော အမွေးအမှင်များ၏အမိန့် | ၇ |
| ၁၁ | မှတ်ဆိတ်ပေါက်စေရန် သင်တုံးဓါးအသုံးပြုခြင်း | ၈ |
| ၁၂ | မှတ်ဆိတ်ထားခြင်းအပေါ် မကောင်းမြင်ခြင်း | ၈ |
| ၁၃ | မှတ်ဆိတ်ရိတ်ခြင်း၏သမိုင်း | ၉ |
| ၁၄ | မှတ်ဆိတ်မွေးကို ထုံးထားခြင်း | ၁၀ |
| ၁၅ | မှတ်ဆိတ်မွေးများ ဝလီဥက္ကျွတ်ကျခြင်း | ၁၁ |
| ၁၆ | ရာထူးအာဏာကြောင့် မှတ်ဆိတ်ရိတ်ခြင်း | ၁၂ |
| ၁၇ | မှတ်ဆိတ်ထားခြင်း စွန္နသ်လား (သို့) ဝါဂျိဗ်လား။ | ၁၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | အမျိုးသမီးများတွင် မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများထွက်လာခြင်း | ၁၆ |
| ၁၉ | ဆေးဆိုးခြင်း၏အမိန့် | ၁၇ |
| ၂၀ | အနက်ရောင်ဆိုးခြင်း၏အမိန့် | ၁၇ |
| ၂၁ | မုဂျာဟိဒ် (သာသနာ့စစ်သည်) များအတွက် အနက်ရောင်ဆေးဆိုးခြင်းအမိန့် | ၁၉ |
| ၂၂ | လှည့်စားဖို့အတွက် အနက်ရောင်ဆိုးခြင်းအမိန့် | ၁၉ |
| ၂၃ | ဇနီးသည်ကိုပျော်ရွှင်စေဖို့အတွက် အနက်ရောင်ဆိုးခြင်းအမိန့် | ၂၀ |
| ၂၄ | အသင့်ဆိုးဆေးဘူးများ သုံးစွဲခြင်း၏အမိန့် | ၂၁ |
| ၂၅ | အနက်ရောင်ဆံပင်ဆိုးဆေး ရောင်းဝယ်ဖေါက်ကားခြင်း | ၂၁ |
| ၂၆ | မုတ်ဆိတ်ရိတ်သူ၏အဇာန်နှင့်အေကာမသ် | ၂၂ |
| ၂၇ | မုတ်ဆိတ်ရိတ်သူ၏ရှေ့ဆောင်ဝတ်ပြုမှု | ၂၃ |
| ၂၈ | မုတ်ဆိတ်ညှပ်သောဟာဖိဇ်၏ သရာဝီးဟ်နမားဇ် | ၂၄ |
| ၂၉ | မုတ်ဆိတ်ရိတ်ပေးသောအလုပ် | ၂၄ |
| ၃၀ | လက်၏ဂိုနှဟ် | ၂၅ |
| ၃၁ | မုတ်ဆိတ်ရိတ်တိုင်း မော်လာနာဟုခေါ်နေခြင်း | ၂၆ |
| ၃၂ | နှုတ်ခမ်းမွေး၏အမိန့် | ၂၇ |
| ၃၃ | နှုတ်ခမ်းမွေးဖြတ်တောက်ခြင်း၏အမိန့် | ၃၀ |
| ၃၄ | နှုတ်ခမ်းမွေးကို ဘေးနှစ်ဖက်သို့အရှည်ထားခြင်း | ၃၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅ | မုဂျာဟိဒ်များအတွက် နှုတ်ခမ်းမွေးထားခြင်းအမိန့် | ၃၁ |
| ၃၆ | နှုတ်ခမ်းမွေးရိတ်ခြင်း၏အမိန့် | ၃၂ |
| ၃၇ | ရှရီအသ်တရားတော်နှင့်အညီ ဆံပင်ထားခြင်း | ၃၂ |
| ၃၈ | ဆံပင်ထားခြင်းအမိန့် | ၃၄ |
| ၃၉ | ဆံပင်ထားခြင်း မပိုင်သည့်ပုံစံများ | ၃၅ |
| ၄၀ | ကလေးများ၏ဆံပင်ထားခြင်းအမိန့် | ၃၆ |
| ၄၁ | အမျိုးသားများ ဆံထုံးထုံးခြင်း | ၃၇ |
| ၄၂ | အမျိုးသမီးများ ဆံထုံးထုံးခြင်း | ၃၈ |
| ၄၃ | ဆံပင်အတုတပ်ခြင်း | ၃၉ |
| ၄၄ | အမျိုးသမီးများ၏ဆံပင်ကိုညှပ်ခြင်း | ၄၀ |
| ၄၅ | ဆံပင်ညှပ်ခြင်း တားမြစ်ခံရသည့်အရွယ် | ၄၁ |
| ၄၆ | မျက်ခုံးမွေး၏အမိန့် | ၄၂ |
| ၄၇ | ရင်ဘက်နှင့်ကျောပြင်ရှိ အမွေးများ၏အမိန့် | ၄၂ |
| ၄၈ | ပေါင်နှင့်လက်မောင်းပေါ်ရှိ အမွေးများ၏အမိန့် | ၄၃ |
| ၄၉ | နားခေါင်းအတွင်းရှိ အမွေးများ၏အမိန့် | ၄၃ |
| ၅၀ | နားရှိ အမွေးအမှင်များ၏အမိန့် | ၄၄ |
| ၅၁ | လည်ဂုတ်ရှိ အမွေးအမှင်များ၏အမိန့် | ၄၄ |
| ၅၂ | ချိုင်းအောက်ရှိ အမွေးအမှင်များ၏အမိန့် | ၄၄ |
| ၅၃ | ချက်အောက်ရှိ အမွေးအမှင်များ၏အမိန့် | ၄၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၄ | ချက်အောက်မွေး ရှင်းလင်းရမည့်ပုံစံ | ၄၆ |
| ၅၅ | ချက်အောက်မွေးရှင်းလင်းရန်အတွက် ပေါင်ဒါသုံးခြင်း | ၄၆ |
| ၅၆ | မိမိ၏ချက်အောက်မွေးကို အခြားသူအားရှင်းခိုင်းခြင်း | ၄၇ |
| ၅၇ | ချက်အောက်မွေးရှင်းလင်းရမည့် အတိုင်းအတာ | ၄၇ |
| ၅၈ | ခေါင်းတွင် ဆီထည့်ခြင်း၏အမိန့် | ၄၈ |
| ၅၉ | ဆံပင်အား အလယ်ခွဲခြင်း၏အမိန့် | ၄၉ |
| ၆၀ | ဆံပင်အား သပ်သပ်ရပ်ရပ်ထားရှိခြင်း၏အမိန့် | ၅၀ |
| ၆၁ | အမွေးအမှင်၏ သန့်ခြင်း/မသန့်ခြင်းအမိန့် | ၅၁ |
| ၆၂ | အဲဟ်ရာမ်မှ ဟလာလ်ဖြစ်စေရန် ဆံပင်ညှပ်ခြင်း | ၅၁ |
| ၆၃ | အဲဟ်ရာမ်ရုံထားသူတွင် ဆံပင်မရှိခြင်း | ၅၃ |
| ၆၄ | မုတ်ဆိတ်ရိတ်ခြင်းကြောင့် လောကီဆုံးရှုံးမှု | ၅၄ |

# အမှာစာ

## حامدًا ومصلّيًا ومسلّمًا

အစ္စလာမ်သာသနာသည် ဒီးန်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီးန်ဟူ၍ခေါ်ဆိုနိုင်သောသာသနာသည် အစ္စလာမ်သာသနာတည်းသာလျှင် ဖြစ်သည်။ ဒီးန်ဟူ၍ခေါ်ဆိုနိုင်သောသာသနာဆိုသည်မှာ လူတစ်ယောက်မွေးဖွားချိန်မှစပြီး သေဆုံးချိန်အထိ လျှောက်လှမ်းနေထိုင်ရမည့်ပုံစံများကို မည်သည့်ကဏ္ဍမှမကျန်ဘဲ လမ်းညွှန်ပေးထားသောသာသနာသာလျှင် ဖြစ်၏။

အစ္စလာမ်သာသနာသည် လူ့သက်တမ်းတစ်လျှောက်လုံးအတွက် နေထိုင်မှုစနစ်၊ စားသောက်ခြင်းဆိုင်ရာများ၊ ၎င်းပြင် ဝမ်းစာရှာဖွေရေးနှင့် လူမှုဆက်ဆံရေး၊ ထို့အတူ ဝတ်စားဆင်ယင်မှုပိုင်းဆိုင်ရာများ စသည်ဖြင့်မည်သည့် ကဏ္ဍမှမကျန် လမ်းညွှန်မှုပေးထားပေသည်။ ထိုအထဲတွင် ခန္ဓာကိုယ်နှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်များလည်း ပါဝင်ပေသည်။ ခန္ဓာကိုယ်ပေါ်တွင် ထွက်ပေါ်လာသော အမွေးအမှင်များ၏ ထားရှိရမည့်ပုံစံများနှင့် ၎င်း၏အမိန့်ပညတ်ချက်များကို အသေးစိတ်နားလည်သဘောပေါက်

နိုင်ရန်အတွက် ပါကစ္စတာန်နိုင်ငံမှ ထင်ရှားကျော်ကြားသည့် မုဖ်သီတစ်ဦးဖြစ်သူ မုဖ်သီ အဲဟ်စာနုလ္လာဟ်ရှာအိက် စွာဟိဗ်မှ စုစည်းကာ အုရ်ဒူဘာသာဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေထားပါသည်။ ကျွန်ုပ်စာရေးသူသည် ၎င်းစာအုပ်ကိုဖတ်ရှုပြီးနောက် မြန်မာပြည်ရှိမွတ်စ်လင်မ်ထုအတွက် အလွန်လိုအပ်နေသည်ဟုယူဆ၍ မြန်မာဘာသာပြန်ဆိုကာ ရေးသားထုတ်ဝေလိုက်ပါသည်။

ကြီးကျယ်မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ် အရှင်မြတ်သည် ၎င်းစာအုပ်အား လက်ခံတော်မူပြီးနောက် စာအုပ်ပါတင်ပြချက်များကို ကျွန်ုပ်တို့အား လွယ်ကူစွာ လိုက်နာနိုင်သည့် သောင်ဖ်ဖီးက်စွမ်းအား ချီးမြှင့်ပေးသနားတော်မူပါစေ။ ၎င်းပြင် ယင်းစာအုပ်၏ အကြောင်းခံဖြင့် ပြုစုသူ၊ ပြန်ဆိုသူနှင့် ဖတ်ရှုသူများအားလုံးကို ဒွန္နယာ၊ အာခိရသ်၌ ကြီးမားသောအကျိုးအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်

မုဟာမ္မဒ် အိဒ်ရီးစ် (မဇ္ဇာဟေရီ)
ဟိဂျ်ရီ ၁၄၃၂ ခုနှစ် ရဂျဗ်လ (၂) ရက်
ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ် ဇွန်လ (၅) ရက်

بسم الله الرحمن الرحيم

# မုတ်ဆိတ်ရိတ်ခြင်း (သို့) ညှပ်ခြင်းဆိုင်ရာ ပြဿနာချက်များ

မေး။ ။မုတ်ဆိတ်ရိတ်ခြင်း (သို့) လက်တစ်ဆုပ်မပြည့်မီ ညှပ်ခြင်းနှင့်စပ်လျဉ်း၍ ရှရီအသ်တရားတော်၌ မည်သို့မိန့်ခွန်းချက်လာရှိထားပါသနည်း။

ဖြေ။ ။အမျိုးသားများအဖို့ မုတ်ဆိတ်ထားခြင်း ဝါဂျိဗ်ဖြစ်သည်။ ရှရီအသ်တရားတော်အရ ၎င်းမုတ်ဆိတ်ထားရှိရမည့်အတိုင်းအတာမှာ လက်တစ်ဆုပ်ဖြစ်သည်။ မုတ်ဆိတ်ထားခြင်းသည် နဗီတမန်တော်အပေါင်းတို့၏ အစဉ်အမြဲပြုကျင့်ခဲ့သော စွန္နသ်တော်တစ်ရပ်ဖြစ်ပေသည်။ ထို့ပြင် အစ္စလာမ်သာသနာ၏ ဝိသေသတစ်ခုဖြစ်သလို လူမွန်လူမြတ်ဖြစ်ခြင်း၏ လက္ခဏာတစ်ရပ်လည်းဖြစ်ပေသည်။ လူကြီးနှင့်ကလေးကိုခွဲခြားပေးသော အရာတစ်ခုဟုလည်း ဆိုနိုင်ပေသည်။ မုတ်ဆိတ်ရှိခြင်းကပင် ယောကျ်ားတစ်ယောက်၏ သွင်ပြင်လက္ခဏာကိုပြည့်ဝစေပြီး မျက်နှာကို နူရ်ရှိစေသည်။ တမန်တော်မြတ် ﷺ သည် မုတ်ဆိတ်ထားခြင်းကို အစဉ်အမြဲပြုကျင့်ခဲ့သလို မွတ်စ်လင်မ့်အမျိုးသား

တို့အားလည်း မုတ်ဆိတ်ထားရန် လေးနက်စွာအမိန့်ပေး
ခဲ့သည်။ ထို့ကြောင့် မုတ်ဆိတ်ထားခြင်း ဝါဂျိဗ်ဖြစ်သည်။
မုတ်ဆိတ်ရိတ်ခြင်း ဟရာမ်ဖြစ်သည့်အပြင် ဂိုနဟ်ကဗီရဟ်
ကျူးလွန်ခြင်းပါဖြစ်လေသည်။

وعن ابن عمر رضي الله عنهما عن النبي صلى الله عليه وسلم
خالفوا المشركين اوفروا اللحى واحفوا الشوارب
وكان ابن عمر رضي الله عنهما اذا حجّ او اعتمر قبض
على لحيته فما فضل اخذ ﴿بخاري شريف﴾

ဟဇရသ်အိဗ်နေအုမရ် رضي الله عنه သခင်ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ အသင်တို့သည်
မုရှ်ရိက်များ၏ဆန့်ကျင်ဘက်ကိုပြုလုပ်ကြ။ မုတ်ဆိတ်များ
ကိုထားကြ။ နှုတ်ခမ်းမွှေးများကို ဖြတ်တောက်ကြ။ တစ်ခါက
ဟဇရသ် အိဗ်နေအုမရ် رضي الله عنه သခင်သည် ဟဂျ်၊ အွမ်ရဟ်
ပြုလုပ်စဉ် မုတ်ဆိတ်ကို လက်တစ်ဆုပ်တိုင်းတာ၍ ရှည်
နေသည်များကို ဖြတ်တောက်ပစ်ခဲ့သည်။ (ဗုခါရီကျမ်း)

အလ္လာမဟ် မဟ်မူးဒ်ခေသွာဗ် رحمه الله ကရေးသား
သည်မှာ အိမာမ်ကြီးလေးပါးဖြစ်သော အိမာမ်အဗူဟာနီဖဟ်
رحمه الله အိမာမ်ရှာဖီအီ رحمه الله အိမာမ်မာလိက် رحمه الله

အိမာမ်အဟ်မဒ် رحمه الله အားလုံးတို့ထံတွင် မုတ်ဆိတ်ရိတ်ခြင်း ဟရာမ်ဖြစ်ပေသည်။ (ဖသ္လ်မုန္နီဟာလ် စာ-၁၈၆၊ ဖတာဝါရဟီမိယာ စာ-၂၄၅)

ဟဇရသ်ထာနဝီ رحمة الله عليه သခင်ကြီးကအမိန့်ရှိသည်မှာ မုတ်ဆိတ်အား လက်တစ်ဆုပ်ထက်လျော့နည်းစွာ ရိတ်ခြင်း၊ ညှပ်ခြင်း ဟရာမ်ဖြစ်သည်။(ဖတ်ဝါဒါရုလ်ဥလူမ် စာ-၂၂၇)

## လက်တစ်ဆုပ်ထက်ပိုသောမုတ်ဆိတ်များကို ညှပ်ပစ်ခြင်း

မေး။ ။မုတ်ဆိတ်မွှေးများသည် လက်တစ်ဆုပ်ထက်ပို၍ ရှည်လာသောအခါ ၎င်းရှည်လာသည့်အတိုင်းအတာကို ညှပ်ခြင်းပိုင်ပါသလား။

ဖြေ။ ။လက်တစ်ဆုပ်ထက်ရှည်နေသော မုတ်ဆိတ်မွှေးများကို ညှပ်ခြင်းပိုင်ပါသည်။

(ဖတာဝါအာလမ်ဂီရီ တွဲ-၄၊ စာ-၂၃၉၊ ဖတ်ဝါဒါရုလ်ဥလူမ် တွဲ၅၊ စာ-၂၂၀)

## မှတ်ဆိတ်သည် မျက်နှာ၏သုံးဖက်စလုံးမှ လက်တစ်ဆုပ်ရှိရခြင်း

မေး။ ။မှတ်ဆိတ်၏လက်တစ်ဆုပ်အတိုင်းအတာမှာ မေးစေ့အောက်တွင်သာလား (သို့မဟုတ်) ဘေးနှစ်ဖက်ပါ ပါဝင်ပါသလား။

ဖြေ။ ။မှတ်ဆိတ်သည် သုံးဖက်စလုံးမှ လက်တစ်ဆုပ်ရှိရန် အရေးကြီးပေသည်။ မေးစေ့အောက်မှ လက်တစ်ဆုပ်ထက်ပိုသည့် မှတ်ဆိတ်မွေးများကိုညှပ်သလို အခြားဘေးနှစ်ဖက်စလုံးမှလည်း လက်တစ်ဆုပ်ထက်ပိုသည်များကို ညှပ်ပစ်ရန် အရေးကြီးပေသည်။ ဘေးနှစ်ဖက်ရှိမှတ်ဆိတ်မွေးများကိုလည်း လက်တစ်ဆုပ်ပြည့်သည်အထိ ထားရှိရမည်။

## မျက်နှာပေါ်ရှိ မှတ်ဆိတ်၏နေရာ

မေး။ ။မှတ်ဆိတ်သည် မျက်နှာ၏မည်သည့်နေရာမှ အစပြုပါသလဲ၊ ခေါင်း တုံးသည့်အခါ မည်သည့်နေရာအထိတုံးရမည်နည်း။

ဖြေ။ ။မှတ်ဆိတ်သည် နားထင်၏အောက်အရိုးမို့မောက်နေသောနေရာမှ စတင်သည်။ ၎င်းအရိုး၏အပေါ်ပိုင်းသည် ဦးခေါင်းဖြစ်သည်။ သို့ဖြစ်ရာ ဦးခေါင်း၏အတိုင်းအတာ

ရှိသလောက် ရိတ်ပစ်ခြင်းပိုင်ပေသည်။ မုတ်ဆိတ်၏အတိုင်း အတာအထိ ရိတ်ခြင်းမပိုင်ပေ။ (ဘင်ဖိဒ်ဒ်နှလ်ဗသာဝ် စာ-၂၂၁)

## ပါးပြင်ရှိ အမွှေးအမှင်များ၏အမိန့်

မေး။ ။ပါးပြင်ရှိ အမွှေးအမှင်များနှင့်ပတ်သက်၍ ရှရီအသ် တရားတော်က မည်သို့အမိန့်ရှိထားပါသလဲ။

ဖြေ။ ။ပါးစောင်ပေါ်၌ရှိသော အမွှေးအမှင်များသည် မုတ်ဆိတ်၌အကျုံးဝင်၏။ ထို့ကြောင့် ညှိခြင်း၊ ဖြတ်ခြင်း မပြုပိုင်ပေ။ ၎င်းပါးစောင်၏ဘေးတစ်ဖက်မှ ပါးပြင်စတင်ပေသည်။ ပါးပြင်ပေါ်ရှိ အမွှေးအမှင်များကိုသာ ညှိခြင်း၊ ဖြတ်ခြင်း ပြုပိုင်ပေသည်။ ပါးပြင်၏အမွှေးအမှင် များသည် မုတ်ဆိတ်၌အကျုံးမဝင်ပေ။

(ဘာလ်မဟ်ရုရ်ရာအိက် တွဲ-၁၊ စာ-၁၆)

## လည်ပင်းရှိ အမွှေးအမှင်များ၏အမိန့်

မေး။ ။လည်ပင်းပေါ်တွင်ရှိသော အမွှေးအမှင်များကို ရိတ်ခြင်းပိုင်ပါသလား။

ဖြေ။ ။လည်ပင်းရှိအမွှေးအမှင်များကို ညှပ်ခြင်း၊ ရိတ်ခြင်း မက္ကရူဟ်ဖြစ်သည်။ (မဟ်ရှိသီဂိုဟာရ်ကျမ်း၊ ရှာမီကျမ်း တွဲ-၅ စာ-၂၀၀)

## နှုတ်ခမ်းအောက်ရှိ အမွေးအမှင်များ၏အမိန့်

မေး။ ။နှုတ်ခမ်းအောက်ရှိ အမွေးအမှင်များနှင့် ၎င်း၏ဘေး နှစ်ဖက်ရှိ အမွေးအမှင်များအပေါ် ရှရီအသ်တရားတော် အရ မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။နှုတ်ခမ်းအောက်ရှိ အမွေးအမှင်များသည်လည်း မုတ်ဆိတ်၏အမိန့်၌ အကျုံးဝင်ပါသည်။ ၎င်း၏ဘေးနှစ်ဖက် နှုတ်ခမ်းအောက်ရှိ အမွေးအမှင်များရိတ်ခြင်းကိုလည်း ဖွေကာဟ်ပညာရှင်များက ဗိဒ်အသ်ဟုရေးသားထားပါသည်။

(ရှာမီကျမ်း တွဲ-၆ စာ-၄၀၇)

## ဖြူသွားသောအမွေးအမှင်များကို နှုတ်ခြင်း၏အမိန့်

မေး။ ။တစ်ဦးတစ်ယောက်သည် အသက် ၃၀၊၃၅ နှစ် အရွယ်တွင် မုတ်ဆိတ်၌ အမွေးအမှင်တစ်မျှင်နှစ်မျှင်ခန့် ဖြူနေသည်ကိုတွေ့ရပါက နှုတ်လိုက်ခြင်းပိုင်ပါသလား။

ဖြေ။ ။ဖြူသွားသောအမွေးအမှင် တစ်မျှင်နှစ်မျှင်ကို လှပ စေလိုတဲ့ရည်ရွယ်ချက်မပါဘဲ နှုတ်ပစ်ခြင်းပိုင်ပေသည်။ သို့ရာတွင် အမွေးအမှင်များဖြူနေသည်ကိုတွေ့တိုင်း

လိုက်နှုတ်သည့်အကျင့်မလုပ်ပါနှင့်။ အကြောင်းမှာ ဟဒီးစ်တော်တွင် ဖြူသွားသောအမွေးအမှင်သည် မုအ်မင်နအတွက် နူရ်ဖြစ်သည်ဟု အမိန့်ရှိထားခြင်းကြောင့်ဖြစ်သည်။

(ဂျာမိကျမ်း တွဲ-၆ စာ-၄၀၇၊ ဖာလ်ဟ်ဗာရီကျမ်း တွဲ-၅ စာ-၃၅၉)

## ဖြတ်တောက်လိုက်သော အမွေးအမှင်များ၏ အမိန့်

မေး။ ။ကျွတ်သွားသော မုတ်ဆိတ်မွေးများနှင့် လက်တစ်ဆုပ်ထက်ပိုသော မုတ်ဆိတ်မွေးများကို ညှပ်ပြီးနောက် မြေမြှုပ်ပစ်ရမည်လား၊ မည်သို့ပြုလုပ်ရမည်နည်း။

ဖြေ။ ။ဖြတ်တောက်လိုက်သော အမွေးအမှင်များဖြစ်စေ၊ လက်သည်း၊ ခြေသည်းများဖြစ်စေ၊ ခန္ဓာကိုယ်၏မည်သည့်အစိတ်အပိုင်းဖြစ်စေ မြေမြှုပ်ပေးလိုက်ရမည်။ အကယ်၍ မြေမမြှုပ်ဘဲ လုံခြုံသောနေရာတွင် သိမ်းထားလိုက်လျှင်လည်း ပိုင်ပေသည်။ သို့သော် မသန့်နှင့်အမှိုက်သရိုက်များကိုမူ မသိမ်းထားရပေ။ ၎င်းတို့သည် ကျန်းမာရေးအတွက် စိုးရိမ်စရာရှိသည်။ လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းမှာမူ မြင့်မြတ်ခြင်းကြောင့် သိမ်းထားခွင့်ရှိခြင်းဖြစ်သည်။

(မဟိရ္ဒုသိဂိဟာရ် စာ-၁၁၆၊ ဂျာမိကျမ်း တွဲ-၁ စာ-၂၈၇)

## မုတ်ဆိတ်ပေါက်စေရန် သင်တိုးဓါးအသုံးပြုခြင်း

မေး။ ။လူတစ်ယောက်သည် အသက် ၂၃ နှစ်ရောက်သည့်တိုင် မုတ်ဆိတ်၊ နှုတ်ခမ်းမွေး လုံးဝမပေါက်သေးပေ။ ထို့ကြောင့် မုတ်ဆိတ်ပေါက်လာရန် ရည်ရွယ်ချက်ဖြင့် သင်တိုးဓါးအသုံးပြုခြင်း ပိုင်ပါသလား။

ဖြေ။ ။၎င်းလိုအပ်ချက်ကြောင့် သင်တိုးဓါးအသုံးပြုခြင်း (ရိတ်ခြင်း) ပိုင်ပါသည်။ (ဖတာဝါနည်ဖိသာဝါ တွဲ-၈ စာ-၇၇)

## မုတ်ဆိတ်ထားခြင်းအပေါ် မကောင်းမြင်ခြင်း

မေး။ ။တမန်တော်မြတ် ﷺ ၏စွန္နသ်တော်များ (အထူးသဖြင့် မုတ်ဆိတ်ထားခြင်း) အားလှောင်ပြောင်ခြင်း အဘယ်သို့ ရှိသနည်း။

ဖြေ။ ။မပြောပလောက်သော သေးငယ်သည့်စွန္နသ်တော်လေးတစ်ခုကို လှောင်ပြောင်ခြင်းသည်လည်း တမန်တော်မြတ် ﷺ အား လှောင်ပြောင်ခြင်းပင်ဖြစ်လေသည်။ သို့ရှိရာ ထိုသူ့အပေါ် ကာဖိရ်ဖြစ်ခြင်းနှင့်ပတ်သက်၍ သံသယရှိရန် မလိုတော့ပေ။ မုတ်ဆိတ်ထားခြင်းသည် စွန္နသ်တော်တစ်ရပ်ဖြစ်ရုံသာမက ဝါဂျိဗ်တာဝန်တစ်ရပ်ပါဖြစ်ပြီး အစ္စလာမ့်ဝိသေသတစ်ခုလည်း ဖြစ်ပေသည်။ လက်တစ်ဆုပ်ထက်

လျော့နည်းစွာမုတ်ဆိတ်ထားခြင်းကို အိုလမာအားလုံးက တစ်ညီတစ်ညွတ်တည်း ဟရာမ်အဖြစ်သတ်မှတ်ထားသေး၏။ ထို့ကြောင့် မုတ်ဆိတ်ထားခြင်းအပေါ် လှောင်ပြောင်သူသည် မုချမလွဲ ကာဖိရ်ဖြစ်၏။ ထိုသူသည် အီမာန်အသစ်ပြန်ယူရပြီး နေကာဟ်ပြန်ဖတ်ရပေမည်။

(ရှာမီကျမ်း တွဲ-၂ စာ-၁၂၃၊ ဘဟ်ာစနည်ဖသာဝါ တွဲ-၁ စာ-၅၂)

## မုတ်ဆိတ်ရိတ်ခြင်း၏သမိုင်း

မေး။ ။လူ့သမိုင်းတွင် မုတ်ဆိတ်ရိတ်သည့်အကျင့်ဆိုးကို မည်သည့်အချိန်က စတင်ခဲ့သနည်း။

ဖြေ။ ။သမိုင်းအရသိရှိရသည်မှာ မုတ်ဆိတ်ရိတ်သည့်အလုပ်ကို လူးသ် عليه السلام ၏အမျိုးသားများက စတင်ခဲ့ပေသည်။ ၎င်းတို့သည် ယောက်ျားငယ်များ၏သဏ္ဍာန်ကို နှစ်သက်ကြသူများဖြစ်သည်။ ယောက်ျားငယ်များ၏ပုံစံအတိုင်း နေထိုင်လိုကြခြင်းကြောင့် မုတ်ဆိတ်မွေးများထွက်လာလျှင် ရိတ်စေလိုက်ကြသည်။ ထို့ကြောင့်လည်း တမန်တော်မြတ် ﷺ ကအမိန့်ရှိခဲ့သည်မှာ ''ပြစ်မှုကြီးဆယ်ခုကြောင့် လူးသ် عليه السلام ၏အမျိုးသားများသည် ဖျက်ဆီးခြင်းခံလိုက်ရသည်။ ယင်းတို့အနက်တစ်ချို့မှာ လိင်တူဆက်

ဆံခြင်း၊ အရက်သောက်ခြင်း၊ မုတ်ဆိတ်ရိတ်ခြင်း၊ နှုတ်ခမ်းမွှေးရှည်ကြီးများထားခြင်းတို့ဖြစ်သည်။

(ဒုရ်ရေမုခ်တာရ် တွဲ-၄ စာ-၂၂၄၊ ရဟာလ်မုခ်တာရ် တွဲ-၁၇ စာ-၆၄)

## မုတ်ဆိတ်မွှေးကို ထုံးထားခြင်း

မေး။ ။အချို့လူများသည် မုတ်ဆိတ်တော့ထားကြသည်။ သို့သော် မုတ်ဆိတ်မွှေးများကိုထုံးထားခြင်း၊ အပေါ်သို့ သိမ်း၍ ဖီးထားခြင်းများ ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ခြင်း ရှရီအသ် တရားတော်အရ ပိုင်ပါသလား။

ဖြေ။ ။ عن رويفع بن ثابت رضى اللهُ عنه قال قال لى رسول اللهِ صلى اللهُ عليه وسلم يا رويفع الحياة ستطول بك بعدى فاخبر الناس ان من عقد لحيته او تقلد وترًا او استنجى برجيع دابة او عظم فان محمدًا منه برى ﴿رواه ابوداود، مشكوة ص ٤٣﴾

ရုဝိုင်ဖိအ်ဗင်နိစာဗိသ် ﷺ သခင်ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က ယင်းဆွဟာဗဟ်အားအမိန့်ရှိသည်မှာ ငါ၏နောက်ပိုင်းတွင် အသင်၏သက်တမ်းရှိခဲ့ပါလျှင် လူတို့အား ဤသို့သတင်းပေးပါ။ အကြင်သူသည်

မိမိမုတ်ဆိတ်ကို ထုံးထားခြင်း (သို့) အပေါ်သို့သိမ်းထားခြင်း (သို့) ကြိုးဖြင့်စီးထားခြင်း (သို့) နွားချေးနှင့်အရိုးများဖြင့် ကျင်ကြီး၊ ကျင်ငယ်တို့မှ သန့်ရှင်းမှုရယူခြင်းတို့ကိုပြု လုပ်လျှင် ထိုသူသည် ငါကိုယ်တော်နှင့် မည်သို့မျှ သက်ဆိုင်မည်မဟုတ်။ (မိရှကားဘ်ကျမ်း)

သို့ဖြင့် သိရှိရသည်မှာ မုတ်ဆိတ်ကိုအောက်သို့ ဆင်းထားရမည့်အစား အပေါ်သို့သိမ်း၍ဖြီးထားခြင်း (သို့) ထုံးထားခြင်းသည် အလွန်ကြီးလေးသည့် ဂိုနဟ်ဖြစ်လေသည်။ ၎င်းလုပ်ရပ်ကို လုံးဝစွန့်လွှတ်ရပေမည်။

## မုတ်ဆိတ်မွေးများ ဗလီ၌ကျွတ်ကျခြင်း

အချို့လူများသည် ဗလီအတွင်းဝူဇူပြုပြီးသောအခါ မုတ်ဆိတ်မွေးများကို သပ်ရပ်သွားစေရန် ဘီးဖြင့်ဖြီးကြသည်။ ထိုသို့ပြုလုပ်ခြင်းအပေါ် ရှရီအသ်တရားတော်အရ တစ်စုံတစ်ရာအပြစ်မရှိပေ။ သို့ရာတွင် ဗလီအတွင်း၌ မုတ်ဆိတ်မွေးများ ကျွတ်ကျမသွားစေရန် အထူးဂရုစိုက်ရမည်။ အကယ်၍ ကျွတ်ကျသွားခဲ့လျှင် ၎င်းကိုအိပ်ကပ်ထဲထည့်၍ ယူဆောင်သွားရမည်။ အကြောင်းမှာ ဗလီကိုသန့်ရှင်းစင်ကြယ်စွာထားရှိရန် အလွန်အရေးကြီးပေသည်။

## ရာထူးအာဏာကြောင့် မုတ်ဆိတ်ရိတ်ခြင်း

မေး။ ။အချို့လူများက မုတ်ဆိတ်မရှိမှ အလုပ်ကောင်းကောင်းရမည်။ အစိုးရအရာရှိဖြစ်မည်။ အကယ်၍ မုတ်ဆိတ်ထားလျှင် ရာထူးကောင်းကောင်းမရနိုင်ဟုဆိုကာ မုတ်ဆိတ်ရိတ်ကြသည်။ ဤသို့ရာထူးအာဏာကြောင့် မုတ်ဆိတ်ရိတ်ခြင်း ပိုင်ပါသလား။

ဖြေ။ ။အစိုးရအရာရှိလုပ်ခြင်း၊ တစ်စုံတစ်ရာ၏အကြောင်းခံဖြင့် ဝမ်းစာရှာဖွေခြင်းတို့သည် ရှရီအသ်တရားတော်အရ ခွင့်ပြုထားပေသည်။ သို့သာမက ရှရီအသ်ကအမိန့်ပေးထားသည်မှာ လူသားများအဖို့ ဖရ်ဇ်တာဝန်များကိုကျေပွန်ပြီးသည့်နောက် မည်သည့်ဟလာလ်နည်းနှင့်မဆို ဝမ်းစာရှာဖွေခွင့်ရှိသည်။ သို့ရာတွင် ဝမ်းစာရှာဖွေခြင်းကြောင့် ရှရီအသ်၏အမိန့်တစ်ခုခုကို စွန့်လွှတ်ခြင်း၊ ဟရာမ်အမှုကျူးလွန်ခြင်းသည် လုံးဝ (လုံးဝ) မပိုင်ပေ။ မုတ်ဆိတ်ထားခြင်းသည် ဝါဂျိဗ်ဖြစ်ပြီး လက်တစ်ဆုပ်ထက်လျော့နည်းစွာထားခြင်း ဟရာမ်ဖြစ်၏။ သို့ရှိရာ ရာထူးအာဏာကြောင့် မုတ်ဆိတ်ရိတ်ခြင်း (သို့) ဖြတ်ခြင်း လုံးဝမပိုင်ပေ။ အကယ်၍ မုတ်ဆိတ်ထားသောကြောင့် ရာထူးအာဏာ

မရရှိခဲ့လျှင်လည်း မှတ်ဆိတ်ရိတ်ခြင်းဆိုသည့်အပြစ်ကြီးကို မကျူးလွန်လိုက်ဘဲ အလ္လာဟ်အရှင်မြတ်ကိုအားထားပြီး ဒိုအာတောင်းခံရင်း ချောင်လည်သောရိဇ္ဇိကို စောင့်မျှော်ပါ။ ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်ကအမိန့်ရှိထားသည်မှာ–

وَمَنْ يَّتَّقِ اللّٰهَ يَجْعَلْ لَّهٗ مَخْرَجًا ۝ وَّيَرْزُقْهُ مِنْ حَيْثُ

لَا يَحْتَسِبُ ۚ وَمَنْ يَّتَوَكَّلْ عَلَى اللّٰهِ فَهُوَ حَسْبُهٗ ۚ

အဓိပ္ပါယ်။ ။မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအသျှင်မြတ်သည် ထိုသူတို့အဖို့ ထွက်မြောက်ရန်နည်းလမ်းကို ပြုလုပ်၍ပေးသနားတော်မူပေမည်။ ထိုမှတစ်ပါး ထိုအသျှင်မြတ်သည် ထိုသူ့အား ထိုသူမထင်သောနေရာမှ စားနပ်ရိက္ခာကို ပေးသနားတော်မူပေမည်။ ထိုမှတစ်ပါး မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်အားထားပါမူ ထိုအသျှင်မြတ်သည် ထိုသူအဖို့ လုံလောက်တော်မူ၏။ (ရှုရဟ်သွလားက်)

မုတ်ဆိတ်ထားခြင်းစွန္နသ်လား (သို့) ဝါဂျိဗ်လား

မေး။ ။အချို့လူများက မုတ်ဆိတ်ထားခြင်းနှင့်ပတ်သက်၍ ပြောကြသည်မှာ "မုတ်ဆိတ်ထားခြင်းသည် ကောင်းသော အလုပ်ဖြစ်၏။ သို့သော် မထားလျှင်လည်း မည်သို့မျှ ပြဿနာမရှိ" ဟုဆိုကြ၏။ သို့ရှိရာ မုတ်ဆိတ်ထားခြင်း သည် တာဝန်အားဖြင့် စွန္နသ်လား၊ (သို့) ဝါဂျိဗ်လား။

ဖြေ။ ။မုတ်ဆိတ်ထားခြင်းသည် ရှရီအသ်တရားတော်အရ ဝါဂျိဗ်ဖြစ်၏။ သို့သော် ဝါဂျိဗ်ဖြစ်ခြင်းသည် စွန္နသ် (ဟဒီးစ်) ဖြင့် အတည်ဖြစ်ထား၏။ ဒါကြောင့်လည်း တစ်ချို့က စွန္နသ်ဟုသာပြောဆိုနေကြခြင်းဖြစ်သည်။ သို့ရှိရာ ရှိက်ခ် အဗ်ဒုလ်ဟက် မုဟဒ္ဒိစ်ဒှေဟ်လဝီ رحمة الله عليه ကအမိန့်ရှိသည်မှာ-

هو ما يقال انها سنة فمعناها طريقه مسلوكة في الدين
او ان وجوبها ثبت بالسنة ﴿لمعات شرح مشكوة﴾

မုတ်ဆိတ်ထားခြင်းကို စွန္နသ်ဟုပြောရခြင်းမှာ မုတ်ဆိတ်ထားခြင်းသည် အစွလာမ့်ကျင့်စဉ်တစ်ရပ် (သို့) ဟဒီးစ်ဖြင့်အတည်ဖြစ်ထားသော ဝါဂျိဗ်တာဝန်တစ်ရပ်

ဖြစ်သည်သာမက ဝါဂျိဗ်တိုင်းသည် စွန္နသ်နှင့်သာလျှင် အတည် ပြုခြင်းခံရ၏။ ဥပမာ– ဒုရ်ရေမုခ်သာရ်ကျမ်းရှိ ဝိသိရ် နမားဇ်၏အခန်းကဏ္ဍတွင်

هو فرض عملاً واجب اعتقاداً سنة ثبوتاً اى ثبوته

علم من جهة السنة لا القرآن

ဝိသိရ်နမားဇ်ဝါဂျိဗ်ဖြစ်ခြင်းသည် စွန္နသ်နှင့်သာ အတည်ဖြစ်ထား၏။ ကုရ်အာန်နှင့်အတည်ဖြစ်ထားခြင်း မဟုတ်။

မုတ်ဆိတ်ထားခြင်းကို စွန္နသ်ဟုပြောဆိုသလို ကုရ်ဘာနီလုပ်ခြင်းကိုလည်း တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏စွန္နသ်ဟု ပြောဆိုကြသည်။ သို့ဖြစ်ရာ ကုရ်ဘာနီ သည် တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏စွန္နသ်ဟုပြောဆိုတိုင်း ဝါဂျိဗ်မဟုတ်တော့ဘဲ မွတ်စ်သဟာဗ်မဖြစ်သွားပေ။ ထိုနည်း တူစွာ မုတ်ဆိတ်ထားခြင်းကို စွန္နသ်ဟုပြောတိုင်း ဝါဂျိဗ်မ ဖြစ်စရာအကြောင်းမရှိပေ။ စင်စစ် မုတ်ဆိတ်ရိတ်ခြင်းသည် ဟရာမ်ဖြစ်၏။ ၎င်းပြင် မုတ်ဆိတ်ထားခြင်းကို စွန္နသ်ဟု သာမှတ်ယူပြီး ပေါ့ပေါ့လျော့လျော့နေခြင်းသည် အမှားကြီး တစ်ရပ်ပင်ဖြစ်ပေသည်။ (ဒါရိကာရှူရ်မှ)

# အမျိုးသမီးများတွင် မှတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများထွက်လာခြင်း

မေး။ ။အမျိုးသမီးများအဖို့ မျက်နှာရှိအမွေးအမှင်များ ရှင်းလင်းခြင်း ပိုင်ပါသလား။

ဖြေ။ ။အမျိုးသမီးများသည် မိမိမျက်နှာရှိအမွေးအမှင်များကို ရှင်းလင်းခြင်းမကြုရှုပ်ဖြစ်သည်။ သို့သော် မိမိခင်ပွန်းသည် အဖို့ ရွံစရာကောင်းလောက်အောင် အမွေးအမှင်များထူထဲနေလျှင် ၎င်းအမွေးအမှင်များရှင်းလင်းခြင်း ပိုင်သည်။ ထို နည်းတူစွာ အမျိုးသမီးများ၏မျက်နှာများတွင် မုတ်ဆိတ်မွေးများနှင့် နှုတ်ခမ်းမွေးများထွက်လာလျှင် ၎င်းတို့ကို ရှင်းလင်းလိုက်ခြင်း ပိုင်ရုံမက မွတ်စ်သဟာဗ်ပင်ဖြစ်၏။ အချို့မိန်းကလေးများသည် မျက်ခုံးမွေးများကိုနှုတ်ကာ ပါးပါးမျှင်မျှင်လေးထားကြ၏။ ယင်းသို့ပြုလုပ်သူအပေါ် လအ်နသ်ကျရောက်ပေလိမ့်မည်။ (ဗျာဓိကျမ်း တွဲ-၆ စာ-၃၇၃)

## ဆေးဆိုးခြင်း၏အမိန့်

မေး။ ။မုတ်ဆိတ်နှင့် ဆံပင်တို့အား ဆေးဆိုးခြင်းအပေါ် ရှရီအသ်တရားတော်အရ မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။အနက်ရောင်မှလွဲ၍ အခြားအရောင်များဖြင့်ဆိုးခြင်း အိုလမာသာသနာ့ပညာရှင်များထံတွင် ပိုင်ရှံမက မွတ်စ်သဟဗ်ပင်ဖြစ်သေး၏။ ဒန်းသက်သက်ဖြင့် အနီရောင်ဆိုးခြင်းနှင့် ကသမ်ခေါ်ဒန်းတစ်မျိုးကိုရော၍ အနက်ရောင်သန်းကာ ဆိုးခြင်းသည် စွန္နသ်ဖြစ်လေသည်။ တမန်တော်မြတ် ﷺ သည် ဒန်းနှင့်ကသမ်ကိုရော၍ ဆေးဆိုးခဲ့ကြောင်း ဟဒီးစ်တော်တွင်တွေ့ရှိရသည်။

## အနက်ရောင်ဆိုးခြင်း၏အမိန့်

မေး။ ။အနက်ရောင်ဆိုးခြင်း ရှရီအသ်တရားတော်အရ မည်သို့အမိန့်ရှိထားပါသလဲ။

ဖြေ။ ။အနက်ရောင်ဆိုးခြင်းသည် မုတ်ဆိတ်၌ဖြစ်စေ၊ ဆံပင်၌ဖြစ်စေ ဟရာမ်ဖြစ်၏။ ဟဒီးစ်တော်များတွင် ဆံပင်ဖြူကို ဒန်းနှင့်ကသမ်တို့ဖြင့်ဆေးဆိုးရန် လမ်းညွှန်ထားပြီး အနက်ရောင်သက်သက်ဆိုးခြင်းကို ပြင်းထန်စွာတားမြစ်

ထားသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏အမိန့်တော်တစ်ရပ်တွင် "နောက်ပိုင်းခေတ်ကာလတစ်ခုတွင် အချို့လူတို့သည် ခိုပေါက်များကဲ့သို့ မဲနက်စွာဆေးဆိုးထားကြမည်။ ၎င်းသူတို့သည် ဂျန္နသ်နှင့်၎င်းမှုပေးကွာစွာထားခြင်းခံရလိမ့်မည်။ ထိုသူတို့သည် ဂျန္နသ်၏အနံ့ပင်ရှုရှိုက်ရလိမ့်မည်မဟုတ်" ဆိုခဲ့သည်။(အဗူဒါဝူးဒ်၊ နစာအီ၊ အဟ်မဒ်)

وعن ابی الدرداءرضی اللهُ عنه مرفوعًا من خضب بالسواد سود اللهُ وجهه یوم القیامة ﴿رواه الطبرانی﴾

အဓိပ္ပါယ်။ ။အကြင်သူသည် အနက်ရောင်ဆေးဆိုးခဲ့လျှင် ကေယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏မျက်နှာကို မဲနက်နေစေလိမ့်မည်။

عن ابی الدرداءرضی اللهُ عنه قال اتی بابی قحافة رضی اللهُ عنه یوم فتح مکة وراسه کالثغامه فقال رسول اللهِ صلی اللهُ علیه وسلم غیروا هذا بشیٔ واجتنبوا السواد

﴿مسلم، ابوداوٗد، نسائی، احمد﴾

အဓိပ္ပါယ်။ ။မက္ကာဟ်ရွှေမြို့တော်ကိုအောင်နိုင်သည့်နေ့တွင် ဟာဇရသ်အဗူကူဟာဖဟ် رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ ၏ရှေ့တော်မှောက်ခစားရာ ၎င်း၏ဦးခေါင်းရှိဆံပင်များ

ဖြူဖွေးနေလျက်ရှိသည်။ ထိုအခါ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ "ထိုဆံပင်ဖြူများကို အရောင်တစ်ခုခုဖြင့် ပြောင်းလိုက်ကုန်။ သို့သော် အမဲရောင်ဆိုးခြင်းမှ ရှောင်ရှားပါ။" (မွတ်စ်လင်မ်၊ အဗူဒါဝူးဒ်၊ နစာအီ၊ အဟ်မဒ်)

## မုဂျာဟိဒ် (သာသနာ့စစ်သည်) များအတွက် အနက်ရောင်ဆေးဆိုးခြင်းအမိန့်

မေး။ ။ဂျိဟာဒ်စစ်မြေပြင်တွင် အရှိန်အဝါရရှိစေရန်အတွက် မုဂျာဟိဒ်များသည် မိမိတို့၏ဆံပင်ဖြူများကို အနက်ရောင်ဖြင့် ဆေးဆိုးနိုင်ပါသလား။

ဖြေ။ ။ဂျိဟာဒ်စစ်မြေပြင်တွင် ရန်သူများအပေါ်အရှိန်အဝါ ရရှိစေရန် အနက်ရောင်ဆေးဆိုးခြင်း ပိုင်ရုံမက မွန်မြတ်သောအလုပ်ပင်ဖြစ်ပေသေးသည်။ (ဖတာဝီကျမ်း တွဲ-၆ စာ-၇၄၆)

## လှည့်စားဖို့အတွက် အနက်ရောင်ဆေးဆိုးခြင်းအမိန့်

မေး။ ။ခင်ပွန်းနှင့်ဇနီးသည်တို့သည် တစ်ဦးကိုတစ်ဦး လှည့်စားဖို့အတွက် ဆံပင်နှင့်မုတ်ဆိတ်များကို အနက်ရောင်

ဆေးသုံးစွဲခြင်း ပိုင်ပါသလား။

ဖြေ။ ။ခင်ပွန်းနှင့်ဇနီးသည်တို့သည် တစ်ဦးကိုတစ်ဦး လှည့်စားကာ အရှယ်ကောင်းကြောင်းပြသရန်အတွက် အနက်ရောင်ဆေးဆိုးခြင်း လုံးဝမပိုင်ပေ။ ဟရာမ်ဖြစ်၏။ အကြောင်းမှာလှည့်စားခြင်းသည်မုစ်လင်မ်များ၏အလုပ် မဟုတ်၊မုနာဖိက်များ၏လုပ်ရပ်ဖြစ်သည်။

## ဇနီးသည်ကိုပျော်ရွှင်စေဖို့အတွက် အနက်ရောင်ဆေးဆိုးခြင်းအမိန့်

မေး။ ။ဇနီးသည်ကိုပျော်ရွှင်စေဖို့အတွက် ဆံပင်နှင့်မုတ်ဆိတ်များကို အနက်ရောင်ဆေးဆိုးခြင်း ပိုင်ပါသလား။

ဖြေ။ ။အိုလမာပညာရှင်အများစုထံတွင် ဇနီးသည်၏ နှစ်သက်မှုကို ရယူလိုခြင်းကြောင့် အနက်ရောင်ဆေးဆိုးခြင်း မုက္ကရူဟ်သဟ်ရီမီဖြစ်သည်။

(ရှာမီကျမ်း တွဲ-၆ စာ-၄၂၂၊ ဘာလဇ်ရိုက်ကျမ်း တွဲ-၅ စာ-၂၅၉)

(အီမာမ်အဗူယူစွဖ် رحمة الله عليه ၏ထံတွင် ပြုပိုင်သည်ဟုအကွဲ အလွဲရှိသည်။ သို့သော် ဟဇရသ်ထာနဝီ رحمة الله عليه သခင်က အီမာမ်အဗူယူစွဖ် رحمة الله عليه ၏အဆိုကို မကျင့်သုံးသင့်ကြောင်း ညွှန်ကြားထားသည်။)

## အသင့်ဆိုးဆေးဘူးများ သုံးစွဲခြင်း၏အမိန့်

ယခုခေတ်တွင် အသင့်ဆိုးဆေးဘူးများသည် အရောင်မျိုးစုံဖြင့် ဈေးကွက်ထဲတွင် တွေ့ရှိနေရသည်။ ၎င်းဆိုးဆေးဘူးများသုံးစွဲခြင်း ပိုင်ပေသည်။ သို့ရာတွင် ၎င်းဆိုးဆေးဘူးများသည် ဆံပင်ကိုလုံးဝမဲနက်စေလိုက်ပါက မက္ကရူဟောသဟ်ရီမီဖြစ်ရုံမကဘဲ လအ်နသ်၏အကြောင်းခံ၊ ဂျန္နသ်နှင့်ဝေးကွာစေမည့် အကြောင်းခံပါဖြစ်သွားပေလိမ့်မည်။ သို့သော် အနီရောင်ဆေးဆိုးသော်လည်း အမဲရောင်နီးနီးဖြစ်သွားခြင်း၊ အမဲရောင်ဘက်သို့ ယိမ်းယိုင်သွားခြင်း တစ်စုံတစ်ရာပြဿနာမရှိ ပိုင်ပေသည်။

(ဖသဝါဒ်ရှယ်ဆိုဖ်သာဘ် - ဘင်နိဒ်နောင်ရီတောင်း)

## အနက်ရောင်ဆံပင်ဆိုးဆေး ရောင်းဝယ်ဖောက်ကားခြင်း

မေး။ ။အနက်ရောင်ဆေးဆိုးခြင်း ဟရာမ်ဖြစ်သည်ဟုဆိုလျှင် အနက်ရောင်ဆံပင်ဆိုးဆေး ရောင်းဝယ်ဖောက်ကားခြင်း မည်သို့ရှိပါသနည်း။

ဖြေ။ ။အနက်ရောင်ဆံပင်ဆိုးဆေး ပြုလုပ်ခြင်း၊ ရောင်းဝယ်

ဖောက်ကားခြင်း ပိုင်ပါသည်။ အကြောင်းမှာ အနက်ရောင်ဆိုးဆေးသုံးစွဲခြင်း ပိုင်သည့်အခြေအနေများလည်း ရှိပါသည်။ ဥပမာအားဖြင့် မုဂျာဟိဒ်များသည် ရန်သူကိုအရှိန်အဝါပြဖို့အတွက် သုံးစွဲခြင်းပိုင်ပါသည်။ ၎င်းတို့အတွက်ပြုလုပ်ပေးခြင်း၊ ရောင်းပေးခြင်း ကောင်းသောအလုပ်ပင်ဖြစ်သည်။ သို့သော် မပိုင်သောနည်းနှင့်သုံးစွဲမည်ဟုထင်ရသူကို ရောင်းခြင်းမပိုင်ပေ။ (နှုရေမှုပ်သာရ၊ ဘုဟ်စနုသ်ဖသာဝါ တွဲ-၈ စာ-၃၇၅)

## မုတ်ဆိတ်ရိတ်သူ၏ အဇာန်နှင့်အေကာမသ်

မေး။ ။မုတ်ဆိတ်ရိတ်ထားသောသူသည် အဇာန်နှင့်အေကာမသ်တို့အား ဆိုခွင့်ရှိပါသလား။

ဖြေ။ ။မုတ်ဆိတ်ရိတ်သူသည် ဖွာစိက်ဖြစ်၏။ ဖွာစိက်၏အဇာန်ဆိုခြင်းနှင့် အေကာမသ်ဆိုခြင်း မက္ကရူဟ်သဟ်ရီမီဖြစ်သည်။ သို့ရှိရာ ထိုသူ၏အဇာန်ကို နောက်တစ်ဖန်ပြန်ပေးလိုက်ခြင်း မုစ်သဟာဗ်ဖြစ်သည်။ အေကာမသ်ကိုတော့ ပြန်ဆိုစရာမလိုပေ။ မုအဇ်ဇင်န်လုပ်သူသည် သာသနာကိုင်းရှိုင်းသူဖြစ်ရန် အရေးကြီးပေသည်။

(ဂျာမိကျမ်း တွဲ-၁ စာ-၃၅၄၊ ဘုဟ်စနုသ်ဖသာဝါ တွဲ-၂ စာ-၂၈၇)

## မုတ်ဆိတ်ရိတ်သူ၏ ရှေ့ဆောင်ဝတ်ပြုမှု

မေး။ ။မုတ်ဆိတ်ရိတ်ထားသောသူ (သို့) ညှပ်ထားသော သူ၏အနောက်တွင် နမားဇ်ဖတ်ခြင်း မည်သို့ရှိသနည်း။

ဖြေ။ ။မုတ်ဆိတ်ကို လက်တစ်ဆုပ်အပြည့်ထားခြင်း ဝါဂျိဗ် ဖြစ်သည်။ လက်တစ်ဆုပ်မပြည့်ခင် ရိတ်ခြင်း၊ ညှပ်ခြင်း ဟရာမ်ဖြစ်သည်။ ထို့ပြင် မုတ်ဆိတ်ရိတ်သူနှင့် လက်တစ် ဆုပ်မပြည့်ခင် မုတ်ဆိတ်ညှပ်သူသည် ဖာစိက်ဖြစ်သည်။ ဖာစိက်၏ရှေ့ဆောင်ဝတ်ပြုမှုသည် မက္ကရူဟ်သဟ်ရီမီဖြစ် သည်။ ထို့ကြောင့် ဖာစိက်ကို အီမာမ်အဖြစ်ထားခြင်း မပိုင်ပေ။ အကယ်၍ ၎င်းသူသည် ဗလီ၏အီမာမ်ဖြစ်နေလျှင် ၎င်းသူကိုဖြုတ်ချဖို့ မိမိ၌အစွမ်းအစမရှိပါက အခြားဗလီ တစ်လုံးကိုသွား၍ ကောင်းမြတ်သောအီမာမ်ကိုရှာပြီး ၎င်း၏ အနောက်တွင် ဝတ်ပြုပါ။ အခြားဗလီသို့သွားဖို့မလွယ်ကူ ပါက မတတ်နိုင်သည့်အဆုံး ဖွာစိက်၏နောက်တွင်ဖတ် လိုက်ပါ။ ဂျမာအသ်တော့မလွှတ်ပါနှင့်။ အပြစ်အားလုံးကို ၎င်းဖွာစိက်အား ရှေ့ဆောင်ထားသည့်ဗလီအုပ်ချုပ်သူများက ခံရပါလိမ့်မည်။

(ဂျာမိကျမ်း တွဲ-၁၊ ဗဟာရ်စနည်ဖသာဝါ တွဲ-၃ စာ-၃၆၀၊ ဒိုင်ရှည်ဖသာဝါ တွဲ-၂ စာ-၃၇၁)

## မုတ်ဆိတ်ညှပ်သောဟာဖိဇ်၏
## သရာဝီးဟ်နမားဇ်

မေး။ ။မုတ်ဆိတ်ကို လက်တစ်ဆုပ်မပြည့်မီ ညှပ်လေ့ရှိသောဟာဖိဇ်၏အနောက်တွင် သရာဝီးဟ်နမားဇ် ဖတ်ပိုင်ပါသလား။

ဖြေ။ ။မုတ်ဆိတ်ကို လက်တစ်ဆုပ်ထက်လျော့နည်းစွာထားခြင်း ဟရာမ်ဖြစ်သည်။ တင်ပြပါဟာဖိဇ်သည် ဖွာစိက်ဖြစ်သည်။ ဖွာစိက်၏နောက်တွင် နမားဇ်ဖတ်ခြင်း မက်ရှုဟ်သဟ်ရီမီဖြစ်သည်။ ၎င်းဖွာစိက်ဟာဖိဇ်မှလွဲ၍ အခြားဟာဖိဇ်တစ်ဦးမျှမရှိလျှင် စူရဟ်သရာဝီးဟ်သာဖတ်လိုက်ပါ။ ဖွာစိက်ကို သရာဝီးဟ်၌ အီမာမ်အဖြစ်တင်ခြင်း မပိုင်ပေ။

(ဘုတ်စနည်ဖြေသာဂါ တွဲ-၃ စာ-၅၁၈)

## မုတ်ဆိတ်ရိတ်ပေးသောအလုပ်

မေး။ ။အခြားသူ၏မုတ်ဆိတ်ကို ရိတ်ပေးသောအလုပ် လုပ်ပိုင်ပါသလား။

ဖြေ။ ။မိမိမုတ်ဆိတ်ကိုရိတ်ခြင်း၊ လက်တစ်ဆုပ်ထက်လျော့နည်းစွာညှပ်ခြင်း ဟရာမ်ဖြစ်သလို အခြားသူ၏မုတ်ဆိတ်

ကိုရိုက်ပေးခြင်း၊ လက်တစ်ဆုပ်မပြည့်ခင် ညှပ်ပေးခြင်း လည်း ဟရာမ်ဖြစ်သည်။ ၎င်းလုပ်ငန်းဖြင့် ဝမ်းစာရှာဖွေခြင်းလည်း ဟရာမ်ဖြစ်သည်။ ထို့ကြောင့် မကောင်းသော လုပ်ငန်းဖြင့် မိမိရိဇ်ကို ဟရာမ်မဖြစ်လိုက်ပါစေနှင့်။

## လက်၏ဂိုနဟ်

လက်ဖြင့်ဖြစ်ပေါ်သောဂိုနဟ်များထဲတွင် အမျိုးသမီး၏ဆံပင်ကိုညှပ်ပေးခြင်း၊ အမျိုးသား၏မုတ်ဆိတ်ကိုရိတ်ပေးခြင်း၊ လက်တစ်ဆုပ်မပြည့်ခင် ညှပ်ပေးခြင်းလည်း ပါဝင်ပေသည်။ ၎င်းအမျိုးသားနှင့် အမျိုးသမီးက အခွင့်ပေးပါစေ၊ ယင်းအလုပ်များအား ပြုလုပ်ပေးခြင်း လုံးဝမပိုင်ပေ။ စင်စစ် ၎င်းသည် ဂိုနဟ်၏အလုပ်တွင် ကူညီပေးခြင်းဖြစ်သည်။ ဂိုနဟ်၏အလုပ်တွင် ကူညီပေးခြင်းသည်လည်း ဂိုနဟ်ဖြစ်ပေသည်။

ထိုနည်းတူ ကရှိရှားဖ်ကျမ်းတွင် ရေးသားထားသည်မှာ မုတ်ဆိတ်ရိတ်ဖို့အတွက် တစ်စုံတစ်ယောက်ကို အခပေး၍ ခိုင်းခြင်းနှင့် ၎င်းအလုပ်လုပ်ပြီး အခယူခြင်းတို့သည် ဟရာမ်ဖြစ်သည်။

## မှတ်ဆိတ်ရှိတိုင်း မော်လာနာဟုခေါ်နေခြင်း

မေး။ ။ယခုအခါ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မျက်နှာပေါ်၌ မှတ်ဆိတ်နည်းနည်းများများရှိသူတိုင်းကို မော်လာနာဟု ခေါ်နေကြသည်။ တစ်ခါတစ်ရံ ထိုသူတို့ကို ရှရီအသ်၏ မဆီအလဟ်များပင် မေးလိုက်ကြသေးသည်။ ထိုသူတို့ ထံတွင် မကောင်းသောအလုပ်တစ်စုံတစ်ရာ မြင်တွေ့လိုက်ပါက ၎င်းကိုအကြောင်းခံပြီး အာလင်မ်ပညာရှင်များကိုပင် နာမည်ဖျက်နေကြသည်။ ထို့ကြောင့် ရှရီအသ်တရားတော် အရ လူတိုင်းကို မော်လာနာခေါ်ခွင့်ရှိပါသလား။

ဖြေ။ ။မော်လာနာ၊ မော်လဝီ၊ မွလ္လာ စသည့်တို့သည် သီးသန့်သတ်မှတ်ထားသော စကားလုံးများဖြစ်သည်။ ထိုအမည်နာမများကို ဤကဲ့သို့ပုဂ္ဂိုလ်မျိုးကိုသာ ခေါ်ဆို ခွင့်ရှိသည်။ ၎င်းတို့သည် တတ်ကျွမ်းသော ဆရာသခင် ပညာရှင်များထံတွင် ကာလအတိုင်းအတာတစ်ခုအထိ အနွံတာခံ တပည့်ခံပြီး သာသနာ့ပညာရပ်များကို သင်ကြား ထားကြသည်။ ကုရ်အာန်၊ ဟဒီးဆ်နှင့် ရှရီအသ်၏အမိန့် ပညတ်ချက်များဆိုင်ရာ ပညာရပ်များကို ရရှိထားသူများ ဖြစ်သည်။

တွေ့သူမြင်သူတိုင်းကို မော်လာနာဟုခေါ်ခြင်း၊ သာသနာ့ပညတ်ချက် (မဆ်အလဟ်) များမေးခြင်း၊ ၎င်းတို့၏စကားများနှင့် လုပ်ရပ်များကို အခိုင်အမာမှတ်ယူခြင်း စသည်တို့သည် လမ်းမှားမှုအပေါင်း၏ ကြောက်မက်ဖွယ်ကောင်းသည့်တံခါးပေါက်ကို ဖွင့်နေခြင်းဖြစ်သည်။ ထို့ကြောင့် တွေ့သူမြင်သူတိုင်းကို မော်လာနာခေါ်ခြင်း မပိုင်ပေ။

သာသနာ့ပတ်ဝန်းကျင်တွင် တွေ့သူမြင်သူတိုင်းကို ရှေ့ဆောင်တင်ခြင်း၊ ၎င်းတို့အပေါ် ယုံကြည်အားထားခြင်း လုံးဝမပိုင်ပေ။ ယင်းလုပ်ရပ်များမှ ရှောင်ကြဉ်ဖို့ အလွန်အရေးကြီးဆဲသည်။ တစ်ဦးတစ်ယောက်၏အမှားအပေါ် အကြောင်းမှ အာလင်မ်ပညာရှင်များကို နာမည်ဖျက်ခြင်း၊ ဆဲဆိုခြင်း၊ ရှရီအသ်ကိုဝေဖန်ခြင်းတို့ဖြင့် ကုဖ်ရ်ဘာဝကို ရောက်သွားစေသည်။ (ဦကာလဝိမိရိ)

သို့ရာတွင် အချို့ပုဂ္ဂိုလ်များကို အလ္လာဟ်အရှင်မြတ်သည် အပြင်ပန်းအားဖြင့် ရှရီအသ်တရားတော်နှင့်အညီ နေထိုင်နိုင်သည့် သောင်ဖ်ဖီးက်ပေးထားသည်။ ထိုသူများအနေဖြင့် ဆန္ဒရှိရမည့်မှာ ရှရီအသ်၏ကျန်ရှိသော အမိန့်များအားလုံးအပေါ် လိုက်နာနိုင်ဖို့ကြိုးစားရမည်။

သာသနာ့မဆ်အလဟ်များကို ကျွမ်းကျင်သည့်အာလင်မ် ပညာရှင်များထံမှ သင်ယူဆည်းပူးရမည်။ အကယ်၍ တစ်စုံတစ်ယောက်က သာသနာ့မဆ်အလဟ်များမေးလာလျှင် ကိုယ်တိုင်လုံးဝမဖြေဘဲ အာလင်မ်များထံတွင် သွားရောက်မေးမြန်းဖို့ မရှိဝရဟ်ပေးရမည်။ သို့မဟုတ်ပါက မိမိကိုယ်တိုင် တတ်ကျွမ်းသည့်မုဖ်သီတစ်ပါးပါးထံ သွားရောက်မေးမြန်း၍ မည်သူမည်ဝါမုဖ်သီက ဤမဆ်အလဟ်၏အဖြေကို ဒီအတိုင်းဖြေထားပါသည်ဟု ပြောဆိုရမည်။ မိမိကိုယ်တိုင်ဖြေသည့်ပုံစံမျိုးမလုပ်ရ။ အခြားသူများက မော်လာနာဟုခေါ်တိုင်း မိမိကိုယ်ကိုမော်လာနာဟု မထင်မှတ်လိုက်ရပါ။

## နှုတ်ခမ်းမွေး၏အမိန့်

မေး။ ။နှုတ်ခမ်းမွေးနှင့် ပတ်သက်၍ ရှရီအသ်တရားတော်က မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။နှုတ်ခမ်းမွေးနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ကအမိန့်ရှိထားသည်မှာ–

خالفوا المشركين واحفوا الشوارب واوفوا اللحى

﴿بخارى﴾

"မုရှ်ရစ်ကဲ်များနှင့်ဆန့်ကျင်ဘက်လုပ်ကြ။ နှုတ်ခမ်းမွှေးများကို ဖြတ်တောက်ကြ။ မုတ်ဆိတ်များကိုထားကြ။" (မုံလိမ်)

အကြောင်းမှာ မုတ်ဆိတ်ရိတ်ခြင်းနှင့် နှုတ်ခမ်းမွှေးများအရှည်ထားခြင်းတို့သည် မုရှ်ရစ်ကဲ်များ၏လုပ်ရပ်ဖြစ်သည်။ ထိုသူတို့နှင့်ဆန့်ကျင်စွာ မုတ်ဆိတ်များကိုအရှည်ထားခြင်းနှင့် နှုတ်ခမ်းမွှေးများညှပ်ခြင်းတို့သည် နဗီတမန်တော်အပေါင်းတို့၏ လုပ်ထုံးတစ်ခုပင်ဖြစ်သည်။ တမန်တော်မြတ် ﷺ သည်လည်း ထိုအတိုင်းနေထိုင်ရန် လေးနက်စွာမိန့်မှာထားသည်။

من لم يأخذ من شاربه فليس منا

"နှုတ်ခမ်းမွှေးကို မဖြတ်တောက်သောသူသည် ငါ၏အထဲမှ မဟုတ်။" (တမန်တော်မြတ် ﷺ)

ထို့ကြောင့် နှုတ်ခမ်းမွှေးများကို မုရှ်ရစ်ကဲ်များနှင့် ဆစ်ခ်လူမျိုးများကဲ့သို့ ပါးစပ်ထဲဝင်နေလောက်အောင် ထားခြင်းတို့သည် အစ္စလာမ်သာသနာတော်နှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ သို့ဖြစ်ရာ နဗီတမန်တော်အပေါင်းတို့၏ စွန္နသ်တော်ကိုဆန့်ကျင်ခြင်းသည် မည်မျှအပြစ်ထိုက်မည်နည်း။

## နှုတ်ခမ်းမွှေးဖြတ်တောက်ခြင်း၏အမိန့်

မေး။ ။နှုတ်ခမ်းမွှေးများကို မည်သို့ဖြတ်တောက်ရမည်နည်း။
ဖြေ။ ။ဟဒီးဆ်တော်တွင် နှုတ်ခမ်းမွှေးနှင့်ပတ်သက်၍ ဤသို့စာလုံးများသုံး၍ မိန့်တော်မူထားသည်။

قصوا ، احفوا ، انهكوا

၎င်းစာလုံးများအရသိရှိရသည်မှာ နှုတ်ခမ်းမွှေးဖြတ်တောက်ရာတွင် ပါးသထက်ပါးအောင်ဖြတ်တောက်ခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။ ဟဇရဲသ်အိဗ်နုအုမရ် ﷺ သခင်သည် နှုတ်ခမ်းမွှေးကို အောက်အသားပေါ်သည်အထိ ဖြတ်တောက်လေ့ရှိသည်။ ၎င်းပုံစံကို စက်ကတ်ကြေး (သို့မဟုတ်) ရိုးရိုးကတ်ကြေးတို့နှင့် သေချာဖြတ်တောက်လျှင် ရရှိနိုင်သည်။ အကယ်၍ ထိုကဲ့သို့မဖြတ်တောက်နိုင်စေကာမူ အပေါ်နှုတ်ခမ်း၏အနီရောင်အသား အပြည့်ပေါ်သည်အထိ ဖြတ်တောက်လျှင်လည်း ပိုင်ပေသည်။ (တနည်း နှုတ်ခမ်းမွှေး များသည် နှုတ်ခမ်းကို နည်းနည်းမျှအုပ်မနေစေရ။) လူမြင်မကောင်းလောက်အောင်များခြင်း၊ နှုတ်ခမ်းမွှေးများ ပါးစပ်ထဲဝင်နေခြင်းတို့မဖြစ်အောင် ဂရုစိုက်ရမည်။

## နှုတ်ခမ်းမွှေးကို ဘေးနှစ်ဖက်သို့ အရှည်ထားခြင်း

မေး။ ။နှုတ်ခမ်းမွှေးကို ဘေးနှစ်ဖက်သို့ အရှည်ထားခြင်း ပိုင်ပါသလား။

ဖြေ။ ။ဤသို့ထားခြင်း မက္ကရူဟ်ဖြစ်သည်။ ထို့ကြောင့် ဘေးနှစ်ဖက်သို့အရှည်ထားခြင်းမှ ရှောင်ကြဉ်ပါ။

(ရဒ္ဒုလ်မုဟ်တာရ် တွဲ-၂ စာ-၂၀၄၊ ဖတ်ဟုလ်ဗာရီ တွဲ-၈ စာ-၄၄၇)

## မုဂျာဟိဒ်များအတွက် နှုတ်ခမ်းမွှေးထားခြင်းအမိန့်

မေး။ ။မုဂျာဟိဒ်များအတွက် ဂျိဟာဒ်စစ်မြေပြင်တွင် နှုတ်ခမ်းမွှေးအရှည်ထားနိုင်ပါသလား။

ဖြေ။ ။မုဂျာဟိဒ်များအတွက် ဂျိဟာဒ်စစ်မြေပြင်တွင် ရန်သူအပေါ် အရှိန်အဝါရရှိစေဖို့အတွက် နှုတ်ခမ်းမွှေးထားခြင်း ပိုင်ပါသည်။ သို့ရာတွင် အပေါ်နှုတ်ခမ်း၏အနီရောင်အသား အုပ်သွားသည်အထိ မရှည်ရ။ (အာလမ်ဂီရီ တွဲ-၅ စာ-၃၅၈)

## နှုတ်ခမ်းမွှေးရိတ်ခြင်း၏အမိန့်

မေး။ ။သင်တုံးခါး (သို့) ဘလိတ်ဓါးဖြင့် နှုတ်ခမ်းမွှေးရိတ်ခြင်းပိုင်ပါသလား။ အချို့ကရိတ်ခြင်းကို မက္ကရူဟ်ဟုဆိုကြသည်။ နှုတ်ခမ်းမွှေးရိတ်ခြင်း တကယ်ပဲ မက္ကရူဟ်ဖြစ်ပါသလား။

ဖြေ။ ။အီမာမ်အဗူဟာနီဖွဟ် رحمه الله နှင့် ဟနဖီပညာရှင်များအားလုံးထံတွင် နှုတ်ခမ်းမွှေးရိတ်ခြင်း (သို့) ရိတ်ထားသကဲ့သို့ညှပ်ခြင်း စွန္နသ်ဖြစ်သည်။

(ဗုခါရီကျမ်း တွဲ-၂ စာ-၂၇၉၊ ဖသ်ဟုလ်ဗာရီ တွဲ-၈ စာ-၄၅၀)

## ရှရီအသ်တရားတော်နှင့်အညီ ဆံပင်ထားခြင်း

မေး။ ။အမျိုးသားများအတွက် ဆံပင်ထားခြင်းပိုင်သည့် ပုံစံများကို အကျယ်တဝင့်ရှင်းပြပေးပါ။

ဖြေ။ ။အမျိုးသားများအတွက် ဆံပင်ထားခြင်းပိုင်သည့် ပုံစံများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အရှည်ထားခြင်း (၎င်းတွင် ပုံစံ (၃) မျိုးရှိသည်။)

(က) နားရင်းအထိအရှည်ထားခြင်း

(ခ) နားရင်းနှင့် ပုခုံး၏အလယ်အထိ အရှည်ထားခြင်း

(ဂ) ပုခုံးအထိအရှည်ထားခြင်း

၂။ ခေါင်းတစ်ခုလုံး (ခေါင်းတုံး) တုံးထားခြင်း

၃။ ခေါင်းတစ်ခုလုံးရှိဆံပင်ကို တစ်ညီတည်း ညှပ်ထားခြင်း

တင်ပြပါပုံစံများအနက် အကောင်းဆုံးပုံစံမှာ နံပါတ် (၁) ပုံစံဖြစ်သည်။ နံပါတ် (၂) ပုံစံသည် ဒုတိယအကောင်းဆုံးဖြစ်သည်။ နံပါတ် (၃) ပုံစံသည် ပိုင်ရုံမျှသာရှိသည်။

ဆံပင်ထားခြင်းသည် ပညာရှင်များအားလုံးထံတွင် တစ်ညီတစ်ညွတ်တည်း စွန္နသ်ဖြစ်ပေသည်။ ခေါင်းတုံးတုံးခြင်း စွန္နသ်ဖြစ်သည်နှင့်ပတ်သက်၍ အကွဲအလွဲများ ရှိကြပေသည်။ အလ္လာမဟ်သျိုင်ယိဘီး ﷺ ကဆိုသည်မှာ ခေါင်းတုံး တုံးခြင်းသည် ဟဇရသ်အလီ ﷺ သခင် အစဉ် အမြဲပြုကျင့်ခဲ့သော အမလ်ဖြစ်သောကြောင့် စွန္နသ်ဖြစ်ခြင်း ဖြစ်သည်။

ထိုနည်းတူစွာပင် အီမာမ်သွဟာဝီ ﷺ သခင်က လည်း ခေါင်းတုံးတုံးခြင်းစွန္နသ်ဖြစ်ပုံကို ဆင့်ပြန်ထားသည်။ မည်သို့ပင်ဆိုစေကာမူ ခေါင်းတုံး တုံးခြင်းပိုင်သည်နှင့် ပတ်သက်၍ တစ်စုံတစ်ရာသံသယမရှိပေ။ ထို့ပြင် ကလေး ငယ်များကို ဆုံးမသွန်သင်ရာ၌ ခေါင်းတုံး တုံးခိုင်းခြင်း

အလွန်ကောင်းပေသည်။ သို့သာမက မလိုလားအပ်သော အာရုံများ မလွှမ်းမိုးသွားစေရန် ခေါင်းတုံး တုံးစေခြင်း အရေးကြီးပေသည်။

## ဆံပင်ထားခြင်းအမိန့်

မေး။ ။ခေါင်းတုံး တုံးခြင်းက စွန္နသ်လား (သို့) ဆံပင်ထား ခြင်းက စွန္နသ်လား။

ဖြေ။ ။စွန္နသ်နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အေဗာဒသ်အရ စွန္နသ်ဖြစ်ခြင်းဖြစ်ပြီး နောက်တစ်မျိုးမှာ အာဒသ် (ခေါ်) အလေ့အကျင့်အရ စွန္နသ်ဖြစ်ခြင်းဖြစ်သည်။ အေဗာဒသ်၏ စွန္နသ်များကို လိုက်နာဖို့အရေးကြီးပေသည်။ စွန့်လွှတ်ခြင်း နှင့်ပတ်သက်၍ ပြင်းထန်စွာတားမြစ်ထားသည်။ လိုက်နာ ကျင့်သုံးခြင်းဖြင့် စဝါးဗ်များစွာရရှိပေလိမ့်မည်။ ဒုတိယ အမျိုးအစားဖြစ်သော အာဒသ်အရစွန္နသ်အပေါ် အမလ်လုပ် ခြင်းသည် ဗရကာသ်ရှိခြင်းနှင့် တမန်တော်မြတ် ﷺ အား ချစ်ခင်ခြင်း၏အကြောင်းခံဖြစ်သည်။ ၎င်းစွန္နသ်ကိုစွန့်လွှတ် ခြင်းသည် သာသနာ၏အစိတ်အပိုင်းတစ်ခုကို စွန့်လွှတ် ခြင်းမမည်ပေ။ ဦးခေါင်းတွင်ဆံပင်ထားခြင်းသည် အာဒသ် အရဖြစ်သောစွန္နသ်၌ပါဝင်ပေသည်။ တစ်ဦးတစ်ယောက်

သည် စွန္နသ်၏နီယသ်ဖြင့် ဆံပင်ထားလျှင် စဝါးဗ်အပိုရရှိပေလိမ့်မည်။

တမန်တော်မြတ် ﷺ သည် ဟဂျ်၏အချိန်၌ ခေါင်းတုံးတုံးထားခဲ့ကြောင်း အထောက်အထားလည်းရှိသည်။ ထိုနည်းတူ ဟဇရသ်အလီ ﷺ သခင်၏အစဉ်အမြဲ ပြုကျင့်ခဲ့သော အမလ်တစ်ရပ်လည်းဖြစ်ပေသည်။ ထို့ကြောင့် ခေါင်းတုံးတုံးခြင်းသည်လည်း တစ်စုံတစ်ရာ ချို့ယွင်းချက်မရှိပိုင်ပေသည်။ သို့သော် ဆံပင်ထားခြင်းက ပို၍ကောင်းပေသည်။ (ဖာဉ်ဒ်ဒါနှုလ်ဖသာဝါ တွဲ-၄ စာ-၃၃၉)

## ဆံပင်ထားခြင်း မပိုင်သည့်ပုံစံများ

မေး။ ။ယနေ့ခေတ်လူငယ်အများစုသည် ဖက်ရှင်ဟုဆိုကာ ပုံစံအမျိုးမျိုးဖြင့် ဆံပင်ထားကြသည်။ တစ်ချို့ဆိုလျှင် ရှည်တဲ့နေရာကရှည်ပြီး တိုတဲ့နေရာကတိုသည့်ပုံစံ ထားကြသည်။ သို့ဖြစ်ရာ ဆံပင်ကိုဖက်ရှင်တစ်မျိုးဟု မှတ်ယူထားခြင်း ရှရီအသ်တရားတော်အရ မည်သို့ရှိပါသနည်း။

ဖြေ။ ။ဦးခေါင်းပေါ်တွင် တစ်ချို့နေရာကဆံပင်တွေရှည်၊ တစ်ချို့နေရာကတို၊ တစ်ချို့နေရာကိုရိတ်ထားခြင်း စသည့် လုပ်ရပ်များအပေါ် ဟဒီးစ်တော်တွင် ပြင်းထန်စွာတားမြစ်

ထားသည်။ ၎င်းပုံစံသည် ဖွာစိက်၊ဖွာဂျိရ်တို့၏ပုံစံမဟုတ်သည်ဖြစ်ပါစေ မပြုပိုင်ပေ။ ဖွာစိက်၊ဖွာဂျိရ်တို့၏ပုံစံဆိုပါက ပို၍ပင်အပြစ်ကြီးလေးပေသည်။ ([illegible] တွဲ-၈)

ယခုခေတ်တွင် ဆံပင်ကိုလေးဘက်လေးရံအညီထားခြင်းမှလွဲပြီး ကျန်ပုံစံအားလုံးသည် အင်္ဂလိပ်တို့၏ပုံစံဖြစ်ပေသည်။ ထို့ကြောင့် ဖက်ရှင်ဆံပင်ပုံစံများကို ရှောင်ရှားဖို့အရေးကြီးပေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် ကာဖိရ်တို့နှင့်ဆင်တူရိုးမှားနေထိုင်ခြင်းကို တားမြစ် ထားပေသည်။

## ကလေးများ၏ ဆံပင်ထားခြင်းအမိန့်

မေး။ ။ကလေးများ၏ဆံပင်နှစ်စပ်လျှဉ်း၍ ရှရီအသ်တရားတော်က မည်သို့အမိန့်ပြဌာန်းထားပါသနည်း။

ဖြေ။ ။ကလေးများ၏ဆံပင်ကိုလည်း အချို့နေရာတို၊ အချို့နေရာရှည်၊ အချို့နေရာရိတ်ထားသည့် ပုံစံမျိုးထားခြင်းကို တားမြစ်ထားသည်။ အကောင်းဆုံးမှာ လေးဘက်လေးရံစလုံးကို တစ်ညီတည်း တိုတိုကပ်ကပ်လေးထားခြင်းဖြစ်သည်။ ဖတ်ရှင်ဆံပင်များသည် ကလေးများအတွက်လည်း မပိုင်ပေ။

عن ابن عمر رضی اللہ عنهما عن النبی صلی اللہ علیه وسلم
رای صبیا حلق بعض راسه فنهاهم عن ذالك وقال
احلقوا كله او اتركوا كله رواه مسلم

﴿مشكوة ص ٣٨ ج ١، امداد الفتاوی ص ٢٢٣ ج ٤﴾

အဓိပ္ပါယ်။ ။ဟဇရတ်အိဗ်နေအုမရ် ﷺ သခင်ဆင့်ပြန်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ကလေးငယ်တစ်ဦးကိုတွေ့မြင်ရာ ၎င်းကလေးငယ်၏ဦးခေါင်းတွင် အချို့ဆံပင်များကို ကွက်၍ တုံးထားသည်။ ထိုအခါ တမန်တော်မြတ် ﷺ က ဤသို့ ပြုလုပ်ထားခြင်းကို တားမြစ်တော်မူပြီး အမိန့်ရှိသည်မှာ "တုံးချင်လျှင် ခေါင်းတစ်ခုလုံးကိုတုံးပါ။ ထားချင်လျှင် ခေါင်းတစ်ခုလုံးကိုထားပါ။"

(မိရ္ကားသ် စာ-၃၈၊ ဣင်မ်ဒါဒုလ်ဖတာဝါ တွဲ-၄, စာ-၂၂၃)

## အမျိုးသားများဆံထုံးထုံးခြင်း

မေး။ ။အမျိုးသားများ၏ ရှည်နေသောဆံပင်များကိုစုစည်း၍ ဆံထုံးထုံးခြင်း ပိုင်ပါသလား။

ဖြေ။ ။အမျိုးသားများအတွက် ဆံထုံးထုံးခြင်း လုံးဝမပိုင်ပါ။

(ဣဟ်စနုလ်ဖတာဝါ တွဲ-၈ စာ-၈၇)

## အမျိုးသမီးများဆံထုံးထုံးခြင်း

မေး။ ။အမျိုးသမီးများ၏ဆံပင်ကို မည်သို့ပရိဒဟ်ပြုလုပ်ရမည်နည်း။ အကယ်၍ ဆံပင်ထုံးထားမည်ဆိုလျှင် မည်သို့ထုံးထားရမည်နည်း။

ဖြေ။ ။အမျိုးသမီးများသည် ဆံပင်ကိုစုပြီးခေါင်း၏အပေါ်၌တင်၍ထုံးထားခြင်းလုံးဝမပိုင်ပေ။ ထိုသို့ပြုလုပ်ခြင်းအပေါ်ပြင်းထန်စွာတားမြစ်ထားသည့်အပြင် ဂျန္နသ်၏အနံ့ပင်ရရှိလိမ့်မည်မဟုတ်ဟု သတိပေးထားသည်။ ခေါင်းပေါ်တင်၍ထုံးခြင်းမှလွဲ၍ အခြားနည်းများဖြင့်ဆံပင်ထုံးခြင်း ပိုင်ပေသည်။ ဥပမာ နောက်စေ့ပေါ်တွင်ထုံးခြင်းသည်ပိုင်ရုံမက နမားဇ်ဖတ်ရာတွင်လည်း အကောင်းဆုံးဖြစ်သည်။ ပရိဒဟ်အတွက်လည်း လွယ်ကူစေသည်။ အမျိုးသမီးများအနေဖြင့် အထူးသတိပြုရမည်မှာ မိမိဆံပင်ကို နေကာဟ်ပြုပိုင်သောသူစိမ်းယောကျ်ားလေးများ မမြင်စေရန်နှင့် ကာဖိရ်တို့နှင့်ဆင်တူရိုးမှားမဖြစ်စေရန်ဖြစ်သည်။ ဆံပင်၏ပရိဒဟ်သည်အလွန်အရေးကြီးပေသည်။ အဖွားအို၏ဆံပင်ကိုကြည့်ခြင်းသည်ပင်လျှင် ဟရာမ်ဖြစ်သည်။ (ဘဟ်စနလ်ဗဘာဝါ တွဲ-၈ စာ-၇၄)

## ဆံပင်အတုတပ်ခြင်း

မေး။ ။အချို့မိန်းကလေးများသည် မိမိတို့ကို ဆံပင်ရှည်သည်ဟုထင်စေရန် ဈေးတွင်ဆံပင်အတုများဝယ်၍ မိမိတို့ဆံပင်နှင့် တွဲဆက်လိုက်ကြပေသည်။ သို့ရှိရာ ဤသို့ပြုလုပ်ခြင်း ပိုင်ပါသလား။

ဖြေ။ ။အကယ်၍ ဆံပင်အတုသည် လူသား၏ဆံပင်ဖြစ်ပါက မိမိဦးခေါင်း၌တပ်ဆင်ခြင်း လုံးဝမပိုင်ပေ။ အလွန်ကြီးလေးသောဂုနဟ်ဖြစ်သည့်အပြင် ဟဒီးစ်တော်တွင် လအ်နသ်ကျရောက်မည်ဟုပင် တင်ပြထားသည်။ တိရစ္ဆာန်၏ဆံပင် (အမွေးအမှင်) ဖြစ်ပါက ပိုင်ပေသည်။ (ဖှာမိကျစ်း တွဲ-၅ စာ-၅၈)

## လူ၏အမွှေးအမှင်ကို ရောင်းဝယ်ခြင်း

မေး။ ။လူ၏အမွှေးအမှင်များကို ရောင်းခြင်းပိုင်ပါသလား။

ဖြေ။ ။လူသားသည် ထွဋ်မြတ်သောသတ္တဝါဖြစ်ခြင်းကြောင့် ၎င်း၏ခန္ဓာကိုယ်ရှိ အမွှေးအမျှင်များကို ရောင်းခြင်းမပြုပိုင်ပေ။ အကယ်၍ရောင်းခဲ့မိလျှင် ရရှိသောပိုက်ဆံသည် ဟလာလ်မဖြစ်ပေ။ ၎င်းပိုက်ဆံကို ပြန်ပေးဖို့အရေးကြီးသည်။ (ဖှာမိကျစ်း တွဲ-၅ စာ-၅၈)

## အမျိုးသမီးများ၏ ဆံပင်ကိုညှပ်ခြင်း

မေး။ ။ယခုခေတ်တွင် အမျိုးသမီးများသည် မိမိတို့၏ ဆံပင်ကို ဖက်ရှင်ပုံစံများပြုလုပ်ရန် ညှပ်ပစ်ကြသည်။ သို့ဖြစ်ရာ အမျိုးသမီးများ၏ဆံပင်ညှပ်ခြင်း ပိုင်ပါသလား။

ဖြေ။ ။အမျိုးသမီးများအနေဖြင့် မိမိတို့၏ဦးခေါင်းရှိဆံပင်ကို မည်သည့်နေရာကဖြစ်စေ ရိတ်ခြင်း၊ ညှပ်ခြင်းသည် ယောက်ျားလေးများနှင့် ဆင်တူသွားစရာအကြောင်းရှိ၍ လုံးဝမပြုပိုင်ပေ။ ရှရီအသ်တရားတော်အရ ထိုသို့ပြုလုပ်ခြင်းအပေါ် တားမြစ်ထား၏။ သို့ရာတွင် ရှရီအသ်တရားတော်က ခွင့်ပြုချက်ပေးထားသည့် အခြေအနေတွင်တော့ ပြုပိုင်၏။ ဥပမာ– ဦးခေါင်းတွင် တစ်စုံတစ်ရာ ဝေဒနာ စွဲကပ်နေပြီး ဆံပင်တွေကိုမရှင်းလင်းပစ်လျှင် အလွန်နာကျင်သည့်ဒုက္ခထဲ နစ်မြုပ်နေမည်ဆိုလျှင် ဆံပင်များရိတ်ခြင်း၊ ညှပ်ခြင်း ပြုပိုင်ပေသည်။ သို့ရာတွင် ရောဂါသက်သာသွားလျှင် ခွင့်ပြုချက်လည်းပြီးဆုံးသွားပေသည်။

ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ "အမျိုးသမီးများနှင့် ဆင်တူရိုးမှားနေထိုင်သော

အမျိုးသားများအပေါ်၊ ၎င်းနောက်အမျိုးသားများနှင့် ဆင်တူ ရိုးမှားနေထိုင်သော အမျိုးသမီးများအပေါ် အလ္လာဟ်အရှင် မြတ်ဘက်မှ လအ်နသ်ကျရောက်ပေသည်။ (ဗုခါရီကျမ်း)

အခြားဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အလီ ﷺ သခင်ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ သည် အမျိုးသမီးများ ခေါင်းတုံး တုံးခြင်းကို တားမြစ်ထားသည်။

မိရှ်ကားသ်ကျမ်း၏ဟာရှီယဟ်တွင် ရေးသားထား သည်မှာ အမျိုးသမီးများအား ဆံပင်ရိတ်ခြင်း၊ ညှပ်ခြင်းမှ တားမြစ်ရခြင်းမှာ လူပမှုတွင် အမျိုးသမီးများ၏ဆံကေသာ သည် အမျိုးသားများ၏မှတ်ဆိတ်ကဲ့သို့ဖြစ်သည်။ သို့ဖြစ်ရာ မှတ်ဆိတ်ရိတ်ခြင်းဟရာမ်ဖြစ်သလို အမျိုးသမီးများ၏ ဆံပင်ရိတ်ခြင်း၊ ညှပ်ခြင်းသည်လည်း လုံးဝမပိုင်ပေ။ ဟရာမ်ဖြစ်သည်။

## ဆံပင်ညှပ်ခြင်း တားမြစ်ခံရသည့်အရွယ်

မေး။ ။အမျိုးသမီးများအတွက် ဆံပင်ညှပ်ခြင်းသည် မည် သည့်အရွယ်မှစ၍ တားမြစ်ထားပါသနည်း။

ဖြေ။ ။အရွယ်ရောက်သည့်အချိန်မှစ၍ တားမြစ်ထားပါ သည်။ သို့ရာတွင် အသက်ကိုးနှစ်ပြည့် သည်ဆိုသည်နှင့်

ပရိဒဟ်နှင့်ဆိုင်သောပညတ်ချက်များတွင် အရွယ်ရောက်သူ၏အမိန့်အတိုင်းဖြစ်ပေသည်။ ထို့ကြောင့် ရှောင်ကြဉ်သောအားဖြင့် အသက်ကိုးနှစ်အရွယ်တည်းက ဆံပင်ညှပ်ခြင်းကို တားမြစ်ပိတ်ပင်သင့်ပေသည်။

## မျက်ခုံးမွှေး၏အမိန့်

မေး။ ။မြင်မကောင်း ရှုမကောင်းအောင်ပင် မျက်ခုံးမွှေးများများပြားနေလျှင် ကက်ကြေးဖြင့်ညှိပိုင်ခွင့် ရှိပါသလား။

ဖြေ။ ။မျက်ခုံးမွှေးများ ရှုပ်ထွေးများပြားနေလျှင် ပုံမှန်အတိုင်းဖြစ်အောင် ပြုပြင်ခြင်းပိုင်ပေသည်။ သို့ရာတွင် အလွန်အကျွံ မညှပ်မိစေရန် ဂရုစိုက်ရမည်။(ရှာမိကျမ်း တွဲ-၅ စာ-၂၈၈)

## ရင်ဘတ်နှင့်ကျောပြင်ရှိ အမွှေးများ၏အမိန့်

မေး။ ။ရင်ဘတ်နှင့်ကျောပြင်ရှိ အမွှေးများအားရိတ်ခြင်းပိုင်ပါသလား။

ဖြေ။ ။ပိုင်ပါသည်။ သို့သော်မရိတ်ခြင်းက ပိုကောင်းပါသည်။

(အာလမ်ဂီရီ တွဲ-၅ စာ-၃၈၅)

## ပေါင်နှင့်လက်မောင်းပေါ်ရှိ အမွေးများ၏အမိန့်

မေး။ ။ပေါင်နှင့်လက်မောင်းပေါ်ရှိ အမွေးများကိုရိတ်ခြင်း အပေါ် မည်သို့အမိန့်ရှိပါမည်နည်း။

ဖြေ။ ။၎င်းအမွေးအမှင်များကို ရိတ်ခြင်း၊ ထားခြင်း နှစ်မျိုး စလုံးပိုင်ပါသည်။ (မဟာရှိဂိုဟာရကျမ်း)

## နှာခေါင်းအတွင်းရှိ အမွေးများ၏အမိန့်

မေး။ ။နှာခေါင်းအတွင်းရှိ အမွေးများကို ညှပ်ရမည်လား (သို့) နှုတ်ရမည်လား။ မည်မျှအကြာတွင် ပြုလုပ်ရမည် နည်း။

ဖြေ။ ။နှာခေါင်းအတွင်းရှိ အမွေးအမှင်များကို ကက်ကြေး ဖြင့်ညှပ်ခြင်း ပိုကောင်းပါသည်။ နှုတ်ခြင်း မပြုသင့်ပေ။ ၎င်းအမွေးအမှင်များ ရှည်လာသည်ကိုမြင်တွေ့လျှင် ရှင်းလင်းလိုက်ပါ။ အမွေးများ နှာခေါင်းအပြင်ထိအောင် ထွက်နေခြင်းနှင့် အခြားသူတို့ ရှုစရာကောင်းလောက်အောင် ဖြစ်နေခြင်း လုံးဝမပိုင်ပေ။ (ဂျာမိကျမ်း တွဲ-၅ စာ-၂၈၈)

## နားရှိ အမွေးအမှင်များ၏အမိန့်

မေး။ ။အချို့လူတို့သည် နား၏အပေါ်ပိုင်းတွင် အမွေးများ ပေါက်နေပါသည်။ ၎င်းအမွေးအမှင်များကို ညှပ်ခြင်း ပိုင်ပါသလား။

ဖြေ။ ။နားရှိအမွေးအမှင်များညှပ်ခြင်း ပိုင်ပါသည်။

## လည်ဂုတ်ရှိအမွေးအမှင်များ၏အမိန့်

အမေး။ လည်ဂုတ်ရှိ အမွေးများကိုရိတ်ခြင်း ပိုင်ပါသလား။

ဖြေ။ ။လည်ဂုတ်ရှိ အမွေးအမှင်များကိုရိတ်ခြင်း ပိုင်ပါသည်။ ဟာဇရသ်ဂန်ဂိုဟီ رحمة الله عليه သခင်က အမိန့်ရှိသည်မှာ လည်ဂုတ်သည် သီးခြားအစိတ်အပိုင်းဖြစ်သည်။ ခေါင်းနှင့်မဆိုင်ပါ။ ထို့ကြောင့် မည်သူမဆို လည်ဂုတ်ပေါ်ရှိ အမွေးအမှင်များကိုရိတ်ခြင်း ပိုင်ပါသည်။ (ဖတာဝါရှိန္ဒီယာဟ် စာ-၄၆၇)

## ချိုင်းအောက်ရှိ အမွေးအမှင်များ၏အမိန့်

မေး။ ။ချိုင်းအောက်ရှိ အမွေးအမှင်များ၏အမိန့် မည်သို့ရှိပါသနည်း။

ဖြေ။ ။ချက်အောက်မွေးများကဲ့သို့ပင် ချိုင်းအောက်ရှိ အမွေး

အမှင်များကိုလည်း ရှင်းလင်းပစ်ရန် အရေးကြီးပေသည်။ နုတ်ပစ်ခြင်း အကောင်းဆုံးဖြစ်ပါသည်။ ရိတ်ခြင်းလည်း ပိုင်ပါသည်။ (ဂျာမီကျမ်း တွဲ-၅ စာ-၂၈၈)

## ချက်အောက်ရှိ အမွေးအမှင်များ၏အမိန့်

မေး။ ။ချက်အောက်ရှိ အမွေးအမှင်များအပေါ် ရှရီအသ် တရားတော်အရ မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။ချက်အောက်မွေးများကို တစ်ပတ်လျှင်တစ်ကြိမ် ရှင်းလင်းခြင်း အမြတ်ဆုံးဖြစ်သည်။ ဂျုမ္မာအဟ်နေ့တိုင်း ဂျုမ္မာအဟ်နမားဇ်မတိုင်ခင် ရှင်းလင်းခြင်းပိုကောင်းသည်။ အပတ်စဉ်မပြုနိုင်လျှင်လည်း (၁၅) ရက်တစ်ခါလောက် တော့ပြုသင်သည်။ ရက် (၄၀) ထက်တော့မကျော်ရပေ။ ရက် (၄၀) ကျော်သည်အထိ မရှင်းလင်းဘဲနေခြင်း မပိုင်ပေ။ ဂိုနဟ်အပြစ်ကျူးလွန်သူပင် ဖြစ်သွားပေလိမ့်မည်။ လက်သည်း၊ ခြေသည်းနှင့် ချိုင်းအောက်မွေးတို့သည်လည်း ဤအမိန့်အတိုင်းပင်ဖြစ်သည်။ (အာလမ်ဂီရီ တွဲ-၅ စာ-၂၅၈)

## ချက်အောက်မွှေး ရှင်းလင်းရမည့်ပုံစံ

မေး။ ။စွန္နသ်တော်အရ ချက်အောက်မွှေးရှင်းလင်းရမည့် ပုံစံကို တင်ပြပါ။

ဖြေ။ ။ချက်အောက်မွှေးရှင်းလင်းရာတွင် အမျိုးသားများအတွက် သင်တုန်းဓါးအသုံးပြုခြင်း အကောင်းဆုံးဖြစ်သည်။ ရိတ်ရာတွင် ချက်အောက်မှစ၍ရိတ်သွားပါ။ အမျိုးသမီးများသည် စွန္နသ်တော်နည်းအရ ဇာဂနာ စသည်ဖြင့်နှုတ်ပစ်ရမည်။ဓါးနှင့်မရိတ်ရ။ အမွှေးကျွတ်ဆေးသုံးခြင်းလည်း ပိုင်ပေသည်။ (ရှာမီကျမ်း တွဲ-၅ စာ-၃၅၈)

## ချက်အောက်မွှေးရှင်းလင်းရန်အတွက် ပေါင်ဒါသုံးခြင်း

မေး။ ။ချက်အောက်မွှေးရှင်းလင်းရန် ခရင်မ် (သို့) ပေါင်ဒါ သုံးခွင့်ရှိပါသလား။

ဖြေ။ ။ခရင်မ်နှင့်ပေါင်ဒါတို့ကိုသုံးစွဲ၍ ချက်အောက်မွှေးများ ရှင်းလင်းခြင်း ပိုင်ပါသည်။ မုစ်သဟာဗ်ကတော့ အမျိုးသားများသည် သင်တုန်းဓါးဖြင့်ရိတ်ခြင်းနှင့် အမျိုးသမီးများ နှုတ်ခြင်းတို့ဖြစ်ပါသည်။

## မိမိ၏ချက်အောက်မွေးကို အခြားသူအား ရှင်းခိုင်းခြင်း

မေး။ ။အကယ်၍ သက်ကြီးရွယ်အို (သို့) ချက်အောက်မွေးကို မိမိကိုယ်တိုင်ရှင်းလင်းရန် မစွမ်းနိုင်သူသည် မည်သို့ ပြုလုပ်ရမည်နည်း။

ဖြေ။ ။မစွမ်းနိုင်သည့်အခြေအနေတွင် မိမိဇနီးသည်ကို ပြုလုပ်ခိုင်းပါ။ အကယ်၍ ဇနီးမရှိသူသည် အခြားသူတစ်ဦးကိုရှင်းခိုင်းမည်ဆိုလျှင် ထိုသူသည် မိမိ၏အရှက်ကို ထိန်းသိမ်း၍ပြုလုပ်ပါ။ ထိုနည်းတူ အရှက်အင်္ဂါအစိတ်အပိုင်းကိုလည်း လက်ဖြင့်ကိုင်မိခြင်းမှ ရှောင်ကြဉ်ပါ။ အမွှေးကျွတ်ဆေးသုံးစွဲရန်လွယ်ကူလျှင် ၎င်းဖြင့်သာ ရှင်းလင်းလိုက်ပါ။

(ဘာလမ်ဂီရီ တွဲ-၄ စာ-၃၈၅)

## ချက်အောက်မွေးရှင်းလင်းရမည့် အတိုင်းအတာ

မေး။ ။ချက်အောက်မွေးကို မည်သည့်နေရာအထိ ရှင်းလင်းရမည်နည်း။ ထိုနည်းတူ စအို၏ပတ်ပတ်လည်ရှိ အမွှေးများကိုလည်း ရိတ်ရန်အရေးကြီးပါသလား။

ဖြေ။ ။ချက်အောက်မွေးသည် ဆီးခုံရိုးပေါ်မှစတင်ပါသည် ချက်နှင့်ထိစပ်နေသော အောက်ပိုင်းမှမစတင်ပါ။ ၎င်းနေရာသည် ဝမ်းဗိုက်၏အဆုံးပိုင်းဖြစ်ပါသည်။ ရှင်းလင်းရမည့်အတိုင်းအတာမှာ ဆီးခုံရိုးပေါ်ရှိ အမွေးအမှင်များ၊ ၎င်း၏အောက်ရှိ အရှက်အင်္ဂါအစိတ်အပိုင်းတစ်ခုလုံး တစ်ဖန်ပေါင်၏အရင်းနားရှိ အညစ်အကြေးထိပေနိုင်သော နေရာအထိ အမွေးအမှင်များကို ရှင်းလင်းပစ်ရမည်။ ၎င်းနေရာများပေါ်ရှိ အမွေးအမှင်များအားလုံးကို ရှင်းလင်းရန် အရေးကြီးပါသည်။ ထိုနည်းတူ စအို၏ပတ်ပတ်လည်ရှိ အမွေးအမှင်များကိုလည်း ရှင်းလင်းပစ်ရန် အရေးကြီးပါသည်။ (ဒုရ်ရေမုခ်သားရ် တွဲ-၈ စာ-၄၈၁၊ ဘဟ်ာစနုလ်ဖသာဝါ တွဲ-၈ စာ-၇၈)

## ခေါင်းတွင် ဆီထည့်ခြင်း၏အမိန့်

မေး။ ။ခေါင်းတွင်ဆီထည့်ခြင်းအပေါ် ရှရီအသ်တရားတော်က မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။ဟာဇရသ်အနတ်စ် ﷺ သခင်ဆင့်ပြန်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ဦးခေါင်းတော်ကို ကြိမ်ဖန်များစွာ ဆီထည့်ခဲ့သလို မိမိ၏မုတ်ဆိတ်တော်ကိုလည်း ကြိမ်ဖန်များစွာ ဘီးဖြီးခဲ့ပေသည်။ (မိရ်ကားသ်ကျမ်း)

ဎင်းဟာဒီးစ်တော်ဖြင့် သိရှိရသည်မှာ ဦးခေါင်းတွင် ဆီလိမ်းခြင်း စွန္နသ်ဖြစ်ပြီး မုတ်ဆိတ်အား ဘီးဖြီးခြင်းသည် လည်း စွန္နသ်ဖြစ်ပေသည်။ သို့သော် အချို့လူများသည် ဂူဇူပြုပြီးတိုင်း ဘီးဖြီးကြသည်။ ဎင်းသည် စွန္နသ်တော် ဖြစ်ကြောင်း မည်သည့်အထောက်အထားမျှ မရှိပေ။ ထို့ကြောင့် ဂူဇူပြုပြီးတိုင်း ဘီးဖြီးသည့်အလေ့အကျင့် မလုပ် ပါနှင့်။

(မဇ္ဇာဟေရေဟာက် တွဲ-၄ စာ-၂၂၃)

## ဆံပင်အား အလယ်ခွဲခြင်း၏အမိန့်

မေး။ ။ဆံပင်အား အလယ်ခွဲခြင်း၏အမိန့်နှင့် အလယ်ခွဲ ရမည့်ပုံစံကို တင်ပြပါ။

ဖြေ။ ။ဟာဒီးစ်– ဟဇရသ်အာအိရှာဟ် ﷺ ဆင့်ပြန်ခဲ့ သည်မှာ ကျွန်မသည် တမန်တော်မြတ် ﷺ ၏ဆံပင်ကို ခွဲပေးရာတွင် မျက်လုံးနှစ်ဖက်၏အပေါ်မှ အလယ်တည့် တည့်ခွဲ၍ ဘေးနှစ်ဖက်သို့ဖြီးချပေးခဲ့သည်။

(ဗုခါရီရှရီးဖ်ကျမ်း၊ မိရှ်ကားသ်ကျမ်း)

ထို့ကြောင့် သိရှိရသည်မှာ ဆံပင်သည် စွန္နသ် တော်အတိုင်း အရှည်ထားခဲ့မူ အလယ်ခွဲခြင်းသည်လည်း စွန္နသ်ပင်ဖြစ်ပေသည်။ အလယ် ခွဲရမည့်ပုံစံမှာ ဆံပင်ကို မျက်လုံးနှစ်ဖက်၏အလယ်မှခွဲချကာ နားနအထိယူသွားပါ။

## ဆံပင်ကို သပ်သပ်ရပ်ရပ်ထားရှိခြင်းအမိန့်

မေး။ ။ဆံပင်ကို သန့်ရှင်းသပ်ရပ်စွာထားရှိခြင်းအပေါ် ရှရီအသ်တရားတော်အရ မည်သို့အမိန့်ရှိထားပါသနည်း။

ဖြေ။ ။ဟဇရသ် အဗူဟူရိုင်ရဟ် ﷺ သခင်ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ အကြင်သူသည် ဦးခေါင်းတွင် ဆံပင်ရှိခဲ့ပါမူ ၎င်းဆံပင်ကို သန့်ရှင်းသပ်ရပ်စွာထားပါ။ (အဘူဒါဝူးဒ်ကျမ်း)

၎င်းဟာဒီးစ်တွင် ဆံပင်ကိုသန့်ရှင်းသပ်ရပ်စွာထားရန် အမိန့်ပေးထားသည်။ ဆိုလိုသည်မှာ ဆံပင်ကိုဆေးကြောရမည်။ ဆီလိမ်းရမည်။ ဘီးဖြီးပေးရမည်။ အခြားလူများ ရွံစရာကောင်းလောက်အောင် ရှုတ်ပွနေခြင်း လုံးဝမသင့်လျော်ပေ။ အကြောင်းမှာ သန့်ရှင်းစင်ကြယ်မှုသည် နှစ်သက်ဖွယ်ကောင်းသော အရာတစ်ခုပင်ဖြစ်သည်။ သို့ရာတွင် အမျိုးသားများအနေဖြင့် အတိုင်းထက်အလွန် မဖြစ်မိစေရန် သတိပြုပါ။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ သည် နေ့စဉ်ဘီးဖြီးခြင်းကိုပင် တားမြစ်ထားပေသည်။

ထို့ကြောင့် ဆံပင်နှင့်မုတ်ဆိတ်များကို လှပကျော့ရှင်းစေရာ၌ တော်ရုံသင့်ရုံသာ ပြုလုပ်သင့်ပေသည်။

## အမွေးအမှင်၏ သန့်ခြင်း/မသန့်ခြင်းအမိန့်

မေး။ ။ရေခွက်ထဲသို့ အမွေးအမှင်တစ်ချို့ကျရောက်ခဲ့လျှင် ၎င်းရေသည် သန့်ပါသလား။

ဖြေ။ ။ဝက်သတ္တဝါမှလွဲ၍ အခြားတိရိစ္ဆာန်အားလုံး၏အမွေးနှင့် လူသား၏အမွေးအမှင်သည် သန့်၏။ အကယ်၍ ရေခွက်ထဲသို့ကျခဲ့လျှင်လည်း ၎င်းရေသည် သန့်မြဲသန့်လျက်ရှိ၏။ သို့ရာတွင် ဝက်သတ္တဝါ၏အမွေးသည် ရေ (သို့) အခြားအရာတစ်ခုခုတွင် ကျခဲ့ပါလျှင် ၎င်းအရာသည်လည်း မသန့်ဖြစ်သွားပေသည်။ (ဟောဒ်ါယဟ်ကျမ်း)

## အဲဟ်ရာမ်မှဟလာလ်ဖြစ်စေရန် ဆံပင်ညှပ်ခြင်း

မေး။ ။လူတစ်ဦးသည် အွမ်ရဟ်ပြုပြီးနောက် ဦးခေါင်းပေါ်ရှိ ဆံပင်များအနက်သုံးလေးနေရာကိုကွက်၍ နည်းနည်းစီညှပ်ကာ အဲဟ်ရာမ်ချွတ်၍ မိမိအိမ်သို့သွားလိုက်ပါသည်။ သို့ဆိုလျှင် ဟနဖီ မဇ်ဟဗ်အရ ထိုသူသည် အဲဟ်ရာမ်မှဟလာလ်ဖြစ်သွား ပါသလား။

ဖြေ။ ။ဆံပင်ရှိသူတစ်ဦးသည် ဟဂျ်နှင့်အွမ်ရဟ်တွင်

အဲဟ်ရာမ်မှဟာလာလ်ဖြစ်ဖို့အတွက် ဟာနဖီမဇ်ဟာဗ်အရ ဦးခေါင်းရိတ်ခြင်း (သို့) ညှပ်ခြင်း ပြုလုပ်ရပါသည်။ ဦးခေါင်းရိတ်ခြင်း (သို့) ညှပ်ခြင်းပြုလုပ်ရာတွင် အနည်းဆုံး ဦးခေါင်း၏လေးပုံတစ်ပုံကိုရိတ်ခြင်း၊ ညှပ်ခြင်းပြုလုပ်ရပါမည်။ ထိုထက်နည်း၍ ရိတ်ခြင်း (သို့) ညှပ်ခြင်းဖြင့် အဲဟ်ရာမ်မှဟာလာလ်မဖြစ်သွားပါ။ ဦးခေါင်း၏လေးပုံတစ်ပုံ ညှပ်ရာတွင် အနည်းဆုံး လက်တစ်ဆစ်နှင့်အညီညှပ်ရန် ဝါဂျိဗ်ဖြစ်ပါသည်။

(ဘွမ်ဒသုလ်ဖိကဟ် တွဲ-၄ စာ-၂၄၈၊ မုအ်ာလ္လိမုလ်ဟွဂ်ဂျားရှ် စာ-၁၉၀)

အကယ်၍ ဤမျှလောက်ပင် ရိတ်ဖို့ (သို့) ညှပ်ဖို့ ဆံပင်မရှိလျှင် သင်တုံးဓါး (သို့) စက်ကက်ကြေးဖြင့် ဦးခေါင်းကိုခြစ်လိုက်ရုံဖြင့် လုံလောက်ပေသည်။ မည်မျှပင် ဆံပင်နည်းနေပါစေ။ ဤလုပ်ရပ်ကြောင့် အဲဟ်ရာမ်မှ ဟာလာလ်ဖြစ်သွားပေလိမ့်မည်။

မေးခွန်းပါမတ်ဆ်အလဟ်အရ ဇင်းသူသည် အဲဟ်ရာမ်မှဟာလာလ်ဖြစ်ဖို့အတွက် သုံးလေးနေရာမှဆံပင်ကိုကွက်၍ နည်းနည်းစီညှပ်လိုက်ပေသည်။ ဇင်းညှပ်လိုက်သောဆံပင်သည် ဦးခေါင်းရှိဆံပင်၏ လေးပုံတစ်ပုံ မပြည့်လျှင် အဲဟ်ရာမ်ဟာလာလ်ဖြစ်မည်မဟုတ်ပေ။ ထိုသူ အဲဟ်ရာမ်ချွတ်လိုက်လျှင်လည်း အဲဟ်ရာမ်၏အမိန့်ပညတ်

ချက်များ ရှိမြဲအတိုင်းရှိနေပေလိမ့်မည်။ ၎င်းအချိန်တွင် အဲဟ်ရာမ်၏တားမြစ်ချက်များကို ချိုးဖောက်မိလျှင် ဒမ်၊ ဆွဒ်ကဟ်တို့ပေးရန်လည်း အရေးကြီးသွားပေသည်။ သို့ရာတွင် အွမ်ရဟ်၏အဲဟ်ရာမ်မှ ဟလာလ်ဖြစ်ရန်အတွက် ဟရာမ် နယ်နိမိတ်၏အပြင်တွင် ခေါင်းရိတ်ခြင်း (သို့) ညှပ်ခြင်း ပြုလိုက်လျှင်လည်း အဲဟ်ရာမ်တော့ဟလာလ် ဖြစ်သွားပေမည်။ သို့သော် ဒမ်တစ်ခုထိုက်ပေမည်။ ၎င်းဒမ် သည် ဟရာမ်နယ်နိမိတ်အတွင်း၌သာ ဇဗဟ်လုပ်ရန် အရေးကြီးပေသည်။ မိမိနေရာ၌ ဇဗဟ်လုပ်လိုက်ရုံဖြင့် မလုံလောက်ပေ။ (ဖသာဝါရဟီမိယာဟ် တွဲ-၆ စာ-၄၀၅)

## အဲဟ်ရာမ်ရှိသေးသူတွင် ဆံပင်မရှိခြင်း

မေး။ ။လူတစ်ဦးသည် ဟဂ်ျခရီးတွင် ကြိမ်ဖန်များစွာ အွမ်ရဟ်ပြုလုပ်ခဲ့သည်။ သို့ရှိရာ အဲဟ်ရာမ်မှဟလာလ် ဖြစ်ဖို့အတွက် ခေါင်းရိတ်ခြင်း (သို့) ညှပ်ခြင်းပြုလုပ်ရန် အရေးကြီးပါသည်။ ထိုသူသည် အကြိမ်တိုင်းတွင် ဆံပင်ကို အနည်းငယ်စီညှပ်လာခဲ့ရာ နောက်တစ်ကြိမ်အွမ်ရာဟ် အတွက်ဆံပင်သည် ပါးပါးကပ်ကပ်လေးသာ ကျန်ပါတော့ သည်။ မေးမြန်းလိုသည်မှာ ထိုသူသည် ၎င်းဆံပင်အနည်း ငယ်လေးကို ရိတ်လိုက်ရုံဖြင့် ပိုင်သွားပါသလား။

ဖြေ။ ။တင်ပြပါမဆ်အလဟ်အရ ဦးခေါင်းတွင်ရိတ်ရန်ပင် ဆံပင်မရှိတော့လျှင် သင်တုံးဓါး (သို့)စက်ကက်ကြေးဖြင့် ဦးခေါင်းကို ခြစ်ပေးရမည်။ ခြစ်ပေးရန်မှာ ဝါဂျိဗ်တာဝန် လည်းဖြစ်ပေသည်။ (ဖှာလမ်ဂီရီ စာ-၂၃၊ ဗဟာဝ်ရှရီအတ်ဖယာ်ာ တွဲ-၆ စာ-၄၀၆)

## မုတ်ဆိတ်ရိတ်ခြင်းကြောင့် ဆောက်ဘီးဆုံးရှုံးမှု

မေး။ ။မုတ်ဆိတ်ရိတ်ခြင်းကြောင့် လူသားကိုမျက်မှောက် ဘဝတွင် မည်သည့်ဆုံးရှုံးမှုများ ကျရောက်စေပါသနည်း။

ဖြေ။ ။မော်လာနာ မိရ်ထီသည် မုတ်ဆိတ်နှင့်စပ်လျဉ်း၍ ဆေးပညာရှုထောင့်အရ ဤသို့တင်ပြထားသည်။ ဂရိဆေး လောကတွင် ရှေးယခင်တည်းကပင် လေ့လာတွေ့ရှိ ချက်များအရ မုတ်ဆိတ်သည် ယောကျ်ားသားများအဖို့ လုပမှုဖြစ်စေသည်သာမက လည်ပင်းနှင့်ရင်ဘက်အတွက် အထူးအကာအကွယ်တစ်ခုပင် ဖြစ်ပေသည်။ တစ်ဖန် ဆရာဝန်တစ်ဦးက ရေးသားသည်မှာ ကြိမ်ဖန်များစွာ မုတ်ဆိတ်ရိတ်ခြင်းကြောင့် မျက်လုံးရှိအကြောများကို ထိခိုက်စေပြီး အာရုံကြောအားနည်းမှုများ ဖြစ်ပေါ်စေသည်။ ထို့ပြင် ဆရာဝန်နောက်တစ်ဦး၏ ရေးသားချက်တွင် မုတ်ဆိတ်သည် ရောဂါဖြစ်စေသည့်ပိုးမွှားများ လည်ချောင်းနှင့် ရင်ဘက်ထဲသို့ဝင်ရောက်ခြင်းကို ကာကွယ်ပေးသည်။

တစ်ဖန် အခြားဆရာဝန်တစ်ဦးကတင်ပြသည်မှာ မျိုးဆက် ခုနစ်ဆက်တိုင် မှတ်ဆိတ်ရိတ်သည့် အလေ့အထလုပ်ခဲ့လျှင် ရှစ်ဆက်မြောက်မျိုးဆက်တွင် မှတ်ဆိတ်မပေါက်သော ကလေးမွေးဖွားလာတတ်သည်။ ၎င်းသည် ဆရာဝန်တို့၏ တင်ပြချက်သာမဟုတ်ဘဲ ဆေးပညာ၏မူဘောင်စည်းမျဉ်း တစ်ရပ်လည်း ဖြစ်ပေသည်။ ဥပမာအားဖြင့် စကားကောင်း ကောင်းပြောနိုင်သော ကလေးတစ်ယောက်သည် အကြိမ် ကြိမ်စကားထစ်သူကဲ့သို့ လိုက်ပြောနေလျှင် များမကြာမီ ထိုကလေးသည်လည်း စကားထစ်သွားပေလိမ့်မည်။ မည်မျှပင်ပြန်လည်ကြိုးစားပါစေ ကောင်းကောင်းပြောနိုင် တော့မည်မဟုတ်ပါ။ တစ်ခါက အမေရိကန်ဆရာဝန် တစ်ဦးက ဆောင်းပါးတစ်ပုဒ်တွင် ရေးသားသည်မှာ ကျွန်ုပ် အားလူအချို့က မှတ်ဆိတ်ရိတ်သည့် လျှပ်စစ်စက်တည်ထွင် ပေးရန် လျှောက်ထားခဲ့ကြသည်။ အကြောင်းမှာ အချိန်တိုင်း မှတ်ဆိတ်ရိတ်ရသည့်အလုပ်ကို လုပ်နေရသောကြောင့် ဖြစ်သည်။ ကျွန်ုပ်စဉ်းစားမရသည်မှာ လူတို့သည် မှတ်ဆိတ် ဟုနာမည်ကြားလျှင် လွန်စွာစိုးရိမ်တုန်လှုပ်သွားကြသည်။ လူတိုင်းဦးခေါင်းရှိဆံပင်ကိုတော့ ထားနိုင်ကြသည်။ မျက်နှာ ပေါ်ရှိမှတ်ဆိတ်ကိုထားလိုက်လျှင် ဘာများအနာအဆာ ဖြစ်သွားမည်အံ့။

ယခုခေတ်အမျိုးသားတို့သည် ခေါင်းပေါ်ရှိဆံပင်

ကိုရိုတ်ဖို့ကို အလွန်မှပင်ရှက်ကြပေသည်။ မျက်နှာရှိ မုတ်ဆိတ်ကိုတော့ ပျော်ပျော်ကြီးရိတ်နေကြသည်။ စင်စစ် မုတ်ဆိတ်သည် ယောကျ်ားများတွင်သာ သီးသန့်ပေါက်ခြင်းကြောင့် ယောကျ်ားဖြစ်ခြင်း၏ ထင်ရှားသောလက္ခဏာ တစ်ရပ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ယောကျ်ားတစ်ယောက်သည် ဆံပင်မရှိခြင်းထက် မုတ်ဆိတ်မရှိခြင်းက ပို၍ရှက်သင့်ပေသည်။

ကြီးကျယ်မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ် အသျှင်မြတ်သည် ကျွန်ုပ်တို့အားလုံးကို ရှရီအသ်တရားတော်က ချမှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ဘဝသက်တမ်းကို ကုန်ဆုံးနိုင်သည့် သောင်ဖ်ိဖီးက်စွမ်းအား ချီးမြှင့်တော်မူပါစေ။ ရင်းပြင် တမန်တော်မြတ် ၏ရုပ်ဆင်းသွင်ပြင်၊ ဝတ်စား ဆင်ယင်မှု၊ နေထိုင်သွားလာမှုတို့နှင့်အညီ မိမိကိုယ်ကို ပြုလုပ်နိုင်သည့် သောင်ဖ်ိဖီးက်စွမ်းအား ချီးမြှင့်တော်မူပါစေ။ အာမီးန် ဟုဝနိုအ်မလ်ဝကီးလ်

အဲဟ်စာနုလ္လာဟ်ရှာအိက်
မုဖ်သီ – ဂျာမိအသုရ်ရရှီးဒ်၊
အဟ်စန်အာဗားဒ်၊ကရာချီ




လောကဓါတ်တစ်ဖက်ကမ်း
မုဖ်သီ သကီး အွစ်မာနီ